
## လယ်တီဆရာတော်ဘုရားကြီး

### ပြု-စီရင်တော်မူသော

# ပရမတ္ထသံခိပ်ကျမ်း



သာသနာ-၂၅၂၄ ကောဇာ-၁၃၄၂ ခုနှစ်-၁၉၈၀

# ပရမတ္ထသံခိပ်ကျမ်း

## မာတိကာ


နိဒါန်း

၁- စိတ်ပိုင်း

၂-စေတသိက်ပိုင်း

၃-ပကိဏ်းပိုင်း

၄-ဝီထိပိုင်း

၅-ဘုံပိုင်း

၆-ရုပ်ပိုင်း

၇-သမုစ္စည်းပိုင်း

၈-ပစ္စည်းပိုင်း

၉-ကမ္မဋ္ဌာန်းပိုင်း

နိဂုံး


ပရမတ္ထသံခိပ်ကျမ်း မာတိကာပြီး၏။

# မူလနိဒါန်း

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည် ၆-ဝါအလွန် ၇-ဝါမြောက် ရောက်လတ်သောအခါ တာဝတိံသာနတ်ပြည်၌ မယ်တော်ဖြစ်ခဲ့ဘူးသော သန္တုသိတ နတ်သားကိုအမှူးပြု၍ နတ်ပြဟ္မာအပေါင်းတို့အား ဓမ္မသင်္ဂဏီ, ဝိဘင်း, ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထု, ယမိုက်, ပဋ္ဌာန်း ၇-ကျမ်း အပြားရှိသော အဘိဓမ္မာ ဒေသနာကို ကောင်းစွာ ဟောကြားတော်မူပါကြောင်း။

၎င်းအဘိဓမ္မာ ၇-ကျမ်းဒေသနာကို ကောင်းစွာသိရှိစေခြင်းအကျိုးငှါ သီဟိုဠ်ကျွန်း အနုရာဓမြို့ တုမူလသောမကျောင်းတိုက်ကြီးအရှင်အသျှင်အနုရုဒ္ဓါမထေရ်မြတ်သည် ပါဠိဘာသာဖြင့် အဘိဓမ္မတ္ထသင်္ဂြိုဟ် ခေါ်ဆိုမည်မှန်း လက်သန်းအဋ္ဌကထာကျမ်းကို ကြိုးပမ်းတော်မူခဲ့ပါကြောင်း။

ဤအဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းကို သင်ယူရာ၌ ပါဠိဘာသာ မကျွမ်းကျင်သော ရပ်သူရပ်သား ငယ်ရွယ်သူအများတို့မှာ ပါဠိ၏ခက်ခဲခြင်း၊ အနက်၏ ခက်ခဲခြင်း၊ အဓိပ္ပါယ်၏ ခက်ခဲခြင်းဟူသော ခက်ခဲခြင်း ၃-ပါးတို့ဖြင့် တွေ့ကြုံနေကြရသည့်အရေးကို မြော်တွေးထောက်ထား သနားကရုဏာ လွန်စွာရှိလှသော **မုံရွာမြို့ လယ်တီဆရာတော်ဘုရားကြီး** သည် ဤ **"ပရမတ္ထသံခိပ်ကျမ်း"**ကို ချိုးမွမ်းအံ့လောက် သံပေါက် လင်္ကာဖြင့် တီထွင်ကာ ရေးစီတော်မူခဲ့ပါကြောင်း။

ဤကဲ့သို့ ကရုဏာရှေ့ထား ရေးသားစီရင်တော်မူခဲ့သော ဤ ပရမတ္ထသံခိပ်ကျမ်းကို ကြိုးပမ်းလေ့လာသူတို့မှာ အဘိဓမ္မတ္ထအရာ လိမ္မာယဉ်ကျေး ရှုပ်ထွေးခက်ခဲမရှိ အသိဉာဏ်ပွင့်လင်းမည်ဖြစ်၍ နှစ်နှစ်သက်သက် လေ့ကျက် ဆောင်ရွက်နိုင်ကြပါစေကုန်သတည်း။

# ပရမတ္ထသံခိပ်ကျမ်း

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁–စိတ်ပိုင်း

### ပဏာမ နှင့် ပဋိညာဉ်

၁။ စောထွတ်ဘုန်းလျှံ၊ တရားမွန်၊ သံဃံ နမာမိ။

၂။ ပရမတ် သင်္ဂြိုဟ်၊ တတ်မြောက်လို၊ လူပိုလ် တောင်းပန်ဘိ။

၃။ သင်္ဂြိုဟ် ဉာဏ်လောက်၊ အမြန်ရောက်၊ သံပေါက် ဆိုပိမ့်သိ။

### ပရမတ္ထတရား ၄-ပါး

၄။ စိတ်, စေတသိက်၊ ရုပ်, နိဗ်, လေးရပ်၊ ပရမတ်။

၅။ သိ, ပယ်, ဆိုက်, ပွား၊ လေးပါး ကိစ္စ၊ အပိုင်ရ၊ မုချ ပရမတ်။

### ဘူမိဘေဒအားဖြင့် ၄-ပါး

၆။ ကာမ, ရူပ၊ အရူပ၊ လောကုတ္တရာ။

၇။ တဏှာ တြိ၊ ပိုင်းခြားဘိ၊ ဘူမိ စတုဖြာ။

### အသောဘဏစိတ် -၃၀

၈။ အကုသိုလ်နှစ်၊ ဆဲ့ရှစ် အဟိတ်၊ သုံးဆယ် စိတ်၊ ယုတ်နိစ် အသောဘဏတည်း။

## အကုသိုလ်စိတ် -၁၂

သဟဂုတံ=တကွဖြစ်သည်။ သမ္ပယုတ္တံ=ယှဉ်သည်။ ဝိပ္ပယုတ္တံ= မယှဉ်သည်။ အသင်္ခါရိကံ=တိုက်တွန်းမှု မရှိဘဲမိမိအလို အလျောက် ဖြစ်နိုင်သည်။ သသင်္ခါရိကံ= တိုက်တွန်းမှု ရှိမှ ဖြစ်နိုင်သည်။

၉။ သော, ဉ, နှစ်တန်၊ ဒိဌ်သံ, ဝိ, လေး၊ ပွားရေး အ, သ၊
စိတ် ရှစ်ဝ၊ အဌ လောဘမူ။

၁၀။ ဒေါမနဿ၊ ပဋိဃ သံ၊ အ, သ, ရံ၊ နှစ်တန် ဒေါသမူ။

၁၁။ ဉပေက္ခာ မှီ၊ ဝိစိ, ဉဒ္ဓစ်၊ သံပွားလစ်၊ နှစ်ခု မောဟမူ။

၁၂။ လော-ရှစ်, ဒေါ-နှစ်၊ မောလည်း နှစ်၊ ဆဲ့နှစ် အကုဟူ။

၁၃။ သော-လေး, ဉ-ဆ၊ ဒေါ-နှစ်မျှ၊ ဒွါဒ အကုယူ။

အကုသိုလ်စိတ် ပြီး၏။

-----------

## အဟိတ်စိတ်- ၁၈

သမ္ပဋိစ္ဆန=လက်ခံ သိမ်းပိုက်ခြင်း။ သန္တီရဏ=စိစစ်ခြင်း။ အာဝဇ္ဇန= ဆင်ခြင်ခြင်း။ ဟသိတုပ္ပာဒ= ပြုံးရယ်မှုကို ဖြစ်စေခြင်း။

၁၄။ စက်, သော, ဃာ, ဇိ၊ ကာ, ကိုမှီ၊ ငါးလီ ဝိညာဏ်မှတ်။

၁၅။ သံ, သန်, နှစ်ခု၊ လောင်းပြန်မှု၊ အကုဝိပါက် သတ်။

၁၆။ သံ, သန်, သန်ဟု၊ လောင်းပြန်မှု၊ ကုသလဝိပါက် အဌ်။

၁၇။ အာဝဇ္ဇန်း ဒွိ၊ ဟသိတုပ္ပာဒ်၊ ဤသုံးရပ်၊ မှတ်လေ ကြိယာ။

၁၈။ ကာယနှစ်လီ၊ ဒု, သု, မှီ၊ ကု တီ, ဟသိ သော။

၁၉။ အကြွင်းစုဒ္ဒသ်၊ ဉ, နှင့်ကပ်၊ ဌာရသ် စိတ်မနော။

အဟိတ်စိတ် ပြီး၏။

အသောဘဏစိတ် ပြီး၏။

## ကာမာဝစရသောဘဏစိတ် - ၂၄

၂၀။ ကျဉ်း ဗျည်းနဝစ်၊ ကျယ် နောဇော်၁၊ လှစ်ပိမ့် သောဘဏ။

၂၁။ သော, ဥ နှစ်တန်၊ ဉာဏ်သံ, ဝိ, လေး၊ ပွားရေး အ, သ၊ အဌ သုံးလီ၊ ကု, ဝိ, ကြီ၊ စ ဝီ, ကာမသောဘဏ။

ကာမာဝစရသောဘဏစိတ် ပြီး၏။

-----------------

## ကာမစိတ် - ၅၄

၂၂။ အကု ဒွါဒီ၊ ကု ရှစ်လီ၊ တေဝီ ဝိပါက်ရေး။

၂၃။ ဆဲ့တစ် ကြိယာ့၊ ပေါင်းတုံက၊ ကာမ ငါးဆဲ့လေး။

၂၄။ ဥ ‧ သုံးနှစ်၊ သော ‧ ဆဲ့ရှစ်၊ ဒေါနှစ် ‧ ဒု, သု, ဧး။

ကာမစိတ်ပြီး၏။

--------

## ရူပါဝစရစိတ်– ၁၅

### ဝိတက်, ဝိစာရ, ပီတိ, ဝေဒနာ, ဧကဂ္ဂတာ။
### (ဈာန်အင်္ဂါ ငါးပါး)

၂၅။ ဝိ, စာ, ပီ, ဝေ၊ နှစ်ပါးထွေ၊ ဧ လျှင် ငါးခုမှတ်။

၂၆။ စိုက်စိုက် စူးစူး၊ အထူး မြဲမြံ၊ ရှုအားသန်၊ ဈာန်ဟု ခေါ်သတတ်။

၂၇။ ငါး, လေး, သုံး, နှစ်၊ တဖန် နှစ်၊ တွဲလစ် ဈာန်ငါးရပ်။

၂၈။ ပ, ဒု, တ, စ၊ ပဥ္စမ၊ ပွားထ ဈာန်ငါးရပ်။

၂၉။ ငါးဈာန်ယှဉ်မှု၊ ငါးခုသုံးလီ၊ ကု, ဝိ, ကြီ၊ ပွားပြီ စိတ်ဆဲ့ငါး။

၃၀။ သော . ဆဲ့နှစ်ဝ၊ ဥ . သုံးမျှ၊ ရူပ စိတ်ဆဲ့ငါး။

ရူပါဝစရစိတ် ပြီး၏။

------------

## အရူပါဝစရစိတ်-၁၂

(၁) အာကာသာနဉ္စာယတနစျာန်= ကသိုဏ်း၏ကွာရာ ကောင်းကင်ပညတ်လျှင် တည်ရာ အာရုံရှိသော အာကာသာနဉ္စာယတနစျာန်လည်းကောင်း၊

(၂) ဝိညာနဉ္စာယတနစျာန်=ပဌမ အရူပဝိညာဏ်လျှင် တည်ရာ အာရုံရှိသော ဝိညာဏဉ္စာယတန စျာန်လည်းကောင်း၊

(၃) အာကိဉ္စညာယတနစျာန်=ပဌမအရူပဝိညာဏ်၏ အနည်းငယ်မျှ အကြွင်းအကျန် မရှိသော နတ္ထိဘောပညတ်လျှင် တည်ရာ အာရုံရှိသော အာကိဉ္စညာယတနစျာန်လည်းကောင်း၊ (၄) နေဝသညာနာသညာယတနစျာန်=တတိယ အရူပဝိညာဏ်လျှင် တည်ရာ အာရုံရှိသော နေဝသညာနာသညာယတနစျာန်လည်းကောင်း။

၃၁။ အာ, ဝိဉ်, အာ, နေ၊ စျာန်လေးထွေ၊ ဥ, ဧ, အင်္ဂါနှစ်။

၃၂။ လေးစျာန်ယှဉ်မှု၊ လေးခု သုံးလီ၊ ကု, ဝိ, ကြီ၊ ပွားပြီ စိတ်ဆဲ့နှစ်။

၃၃။ စိတ် အရူပ၊ ဒွါဒသ၊ ပဉ္စမ ဥပေက္ခာဖြစ်။

အရူပါဝစရစိတ် ပြီး၏။

## မဟဂ္ဂုတ်စိတ်- ၂၇

၃၄။ မဟဂ္ဂုတ်ဟူ၊ ရူ, အရူ၊ ပေါင်းမူ သတ်ဝီသ။

၃၅။ ကု, ဝိ, ကြိ, နော၊ သော-ဆဲ့နှစ်ပါး၊ ဥ-ဆဲ့ငါး၊ ပေါင်းပြား သတ်ဝီသ။

## လောကီစိတ်- ၈၁

၃၆။ ကာ, ရူ, အရူ၊ လောကီဟူ၊ ပေါင်းမူ ရှစ်ဆဲ့တစ်။

၃၇။ ဆဲ့နှစ် အကု၊ ပု ဆဲ့ခွန်နှန်း၊ သုံးဆဲ့နှစ် ဝိ၊ နှစ်ဆယ်ကြိ၊ ပေါင်းဘိ ရှစ်ဆဲ့တစ်။

၃၈။ ဥ-ဇော သတ္တ၊ သော-တိံသ၊ ဒေါ ဒွ, ဒု-သု ဇက်။

လောကီစိတ် ပြီး၏။

-----------

## လောကုတ္တရာစိတ်-၈

သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ၊ ဤ စေတသိက် ရှစ်ပါး အပေါင်းသည် မဂ်မည်၏။

(၁) သောတာပတ္တိမဂ္ဂေါ=နိဗ္ဗာန်သို့ တဖြောင့်တည်းသွားသော လမ်းစခန်းသို့ ရှေးဦးစွာ ဆိုက်ရောက်သော သောတာပတ္တိမဂ်လည်း ကောင်း။

(၂) သကဒါဂါမိမဂ္ဂေါ=ကာမဘုံ၌ ပဋိသန္ဓေတဖန်ပြန်ခွင့် ကျန်ရှိ သေးသော သကဒါဂါမိမဂ်လည်းကောင်း။

(၃) အနာဂါမိမဂ္ဂေါ=ကာမဘုံ၌ ပဋိသန္ဓေတဖန်ပြန်ခွင့်မရှိသော အနာဂါမိမဂ်လည်းကောင်း။

(၄) အရဟတ္တမဂ္ဂေါ=ကိလေသာ ကင်းပြတ်သဖြင့် မြတ်သော အလှူကို ခံထိုက်သော အရဟတ္တမဂ်လည်းကောင်း။

၃၉။ လေးမဂ် ယှဉ်ရိုး၊ ကု လေးမျိုး၊ အကျိုး ဖိုလ်လည်းလေး။

## စိတ်ပေါင်း- ၈၉

၄၀။ ကာ- ရှစ်ဆယ့်တစ်၊ ကုတ်မှ ရှစ်၊ ပေါင်းလစ် ရှစ်ဆယ့်ကိုး။

၄၁။ ဆဲ့နှစ် အကု၊ ကု ဇောဝီ၊ ဆတ္တိံသ ဝိ၊ နှစ်ဆယ် ကြိ၊ ပေါင်းဘိ ရှစ်ဆဲ့ကိုး။

## လောကုတ္တရာစိတ် အကျယ်

၄၂။ ရှစ် လောကုတ်စု၊ တခုခုဝယ်၊ ငါးစျာန်ခြယ်၊ အကျယ် လေးဆယ်ပွား။

၄၃။ မဂ်စိတ် နှစ်ဆယ်၊ ဖိုလ် နှစ်ဆယ်၊ အကျယ် လောကုတ်ပွား။

၄၄။ သော သုံးဆဲ့နှစ်၊ ဥ မူ ရှစ်၊ ပေါင်းလစ် လေးဆယ်ထား။

## ကာ, ကုတ် ဈာန်စိတ်ပေါင်း- ၆၇

၄၅။ ဈာန် မဟဂ္ဂုတ်၊ ဈာန် လောကုတ်၊ သရုပ် ခြောက်ဆယ့်ခွန်။

၄၆။ ပါဒကနှင့်၊ သမ္မသိတ်၊ ပုဂ္ဂလ်၊ သုံးတန် ဈာန်ပွားရာ။

၄၇။ ပ, ဒု, တ, စ၊ လေးဝအညီ၊ ဆဲ့တစ်စီ၊ တေဝီ ပဉ္စမဈာန်။

၄၈။ သောမနသ်စု၊ ဇောဇောရှု၊ ဥမူ တေဝီမှန်။

## စိတ်အကျယ်-၁၂၁

၄၉။ ရှစ်ဆဲ့တစ် ကာ၊ ကုတ် တာလီ၊ ကော်ဝီသတာဖြစ်။

၅၀။ သုံးဆဲ့ခွန် ကု၊ အပွားရှု၊ ဝိ စု ငါးဆဲ့နှစ်။

၅၁။ ဥ-ပဋ္ဌေးစေး၊ သော-ဆ ဒွေး၊ ဒေါ-ဒွေး, ဒု-သု-ဇော်။
ပိုဒ်ပေါင်း ငါးဆယ်၊ ကဗျာခြယ်၊ ဤဝယ် စိတ်ပိုင်းပြီး။
စိတ်ပိုင်း ပြီး၏။

-------------------

## ၂– စေတသိက်ပိုင်း

## စေတသိက်လက္ခဏာ -၄

(၁) ဧကုပ္ပါဒ=စိတ်နှင့် အဖြစ်တူခြင်း၊ (၂) ဧကနိရောဓ=စိတ်နှင့် အချုပ်တူခြင်း၊ (၃) ဧကာရမ္မဏ= စိတ်နှင့်အာရုံတူခြင်း၊ (၄) ဧကဝတ္ထုက= စိတ်နှင့် မှီရာဝတ္ထုတူခြင်း။

၅၂။ ဖြစ်, ပျက်, မှီ, အာ၊ တူလေးဖြာ၊ အင်္ဂါယှဉ်နိမိတ်။

၅၃။ စိတ်၌ မီတွယ်၊ စိတ်ကိုခြယ်၊ ငါးဆယ်နှင့် ဒွိတ်၊ စေတသိက်။

## သဗ္ဗစိတ္တသာဓာရဏ စေတသိက်- ၇

၅၄။ ဖသ်, ဝေ, သဉ်, စေ၊ ဧ, ဇီ, မန၊ ဤသတ္တ၊ သဗ္ဗ
စိတ်တိုင်းဖြစ်။

၅၅။ တွေ့, ခံ, မှတ်, ဆော်၊ တည်, သက်, မြော်၊ အဖော်ခုနစ်၊
စိတ်တိုင်းဖြစ်။

## ပကိဏ်းစေတသိက် -၆

၅၆။ တက်, စာ, ဝီ, ပိ၊ ဆန်, အဓိ၊ ပြွမ်းဘိ ပကိဏ်းခြောက်။
* ဆော်တက်, ရစ်ဝဲ၊ အားခဲ လုံ့လ၊ အားရ နှစ်လို၊ ပြုလိုချင်ဘိ၊
ဒွိဟကင်းရှင်း၊ စိတ်ဖြစ်ခြင်း၊ လင်းစေ ပကိဏ်းခြောက်။

## အညသမာန်းစေတသိက် -၁၃

၅၇။ ကောင်းဆိုး နှစ်တန်၊ ခပ်တိုင်းငန်၊ သမာန်အည၊ တေရသ။
အညသမာန်းစေတသိက် ၁၃-ပြီး၏။

-----------

## အကုသိုလ်စေတသိက် -၁၄

၅၈။ မော, ဟိ, နောတ်, ဥစ်၊ မော စတုက်။
၅၉။ လော, မာန်, ဒိဋ္ဌိ၊ လော တြိ။
၆၀။ ဒေါ, ဣသ်,မစ်, ကုစ်၊ ဒေါ စတုက်။
၆၁။ ထိ, မိဒ်, ဝိစိ၊ ဆုံး တြိ။
၆၂။ ယုတ်မာ ညစ်ကြေး၊ မိုက်မဲမှေး၊ ဆဲ့လေး အကုသိုလ်။
* တွေဝေ မှေးမှိန်၊ မငြိမ် မသက်၊ မရှက်, မရွံ့၊ မစွန့် ခင်မင်၊
အမြင်မှောက်မှား၊ အထင်ကြွားနှင့်၊ ပြစ်မှား, ငြူစူ၊
ဝန်တိုဟူရှင့်၊ ပူပန်နောင်တ၊ ထိုင်း, မှိုင်းစွနှင့်၊ ဒွိဟရှက်ထွေး၊
လွန်ညစ်ကြေး၊ ဆဲ့လေး အကုသိုလ်။
အကုသိုလ်စေတသိက်-၁၄ ပြီး၏။

-------------

## သောဘဏစေတသိက်-၂၅

၆၃။ သဒ္ဓါ, သတိ၊ ဟိရီ, ဩတ္တပ်၊ ဟိတ် နှစ်ရပ်၊ တတြမဇ္ဈတ္တတာ။
၆၄။ ပဿဒ္ဓိ, လဟု၊ မုဒု, ကမ္မည်၊ ပါဂုညည်နှင့်၊ ထို့ပြင် ဥဇုက၊ ခြောက်ခမ္မ၊ ကာယစိတ်နှင့်နှော။
၆၅။ ငြိမ်း, ပေါ့, နူးည့်၊ ကျန်းခံ့, လေ့လာ၊ ဖြောင့်စင်းစွာ၊ ခြောက်ဖြာ ကိစ္စဟော။
၆၆။ သောဘဏတွင်၊ အကုန်ယှဉ်၊ ဤလျှင် ဆဲ့ကိုးသော။
၆၇။ ဝါစာ, ကမ္မန်။ အာဇီဝန်၊ သုံးတန် ဝိရတီ။
၆၈။ သမာဒါန၊ သမ္ပတ္တ၊ ဆေဒ သုံးသုံးလီ။
၆၉။ ကရု, မုဒု၊ ဤနှစ်ခု၊ ခေါ်မူ ပမညာ။
၇၀။ အသိ, အလိမ္မာ၊ ဉာဏ်, ပညာ၊ ဝိဇ္ဇာအမောဟ။

သောဘဏစေတသိက် ၂၅-ပါး ပြီး၏။

--------------

✳ အမှတ်ပြ သံခိပ်များသည် ဆရာတော်ကြီး၏ အဖြေကျမ်း နှာ(၇၇) နှာ (၈၀)မှ ပါရှိသည်ကို ထပ်၍ထည့်ထားပါသည်။

-----------

## သမ္ပယောဂနည်း

## အညသမာန်းစေတသိက် သမ္ပယောဂနည်း

၇၁။ သဗ္ဗစိတ္တေ၊ ခုနှစ်ထွေ၊ ယှဉ်လေ စိတ်အားလုံး။
၇၂။ ပဠမဝိညာဏ်၊ ကြဉ်တုံပြန်၊ ကာ ကျန်လေးဆဲ့လေး။
၇၃။ လေးဆဲ့ လေးတန်၊ ကာမကျန်ဝယ်၊ ပ, ဈာန် ဆဲ့တစ်၊ လောင်းတုံလစ်၊ 'တက်' ဖြစ်ပဋ္ဌေးစေး။

၇၄။ ငါးဆဲ့ငါးတန်၊ 'တက်' ဖြစ်ရန်ဝယ်၊ ဒုစျာန်ဆဲ့တစ်၊ လောင်းတုံလစ်၊ 'စာ' ဖြစ် ဆဆတွေး။
၇၅။ ပဥ္စဝိညာဉ်၊ သံ, သန်, ပဉ်၊ ကြဉ်ဝီ ဗျည်း သုဥ်ဧး။
၇၆။ စဈာန် ကြဉ်ပစ်၊ သောကျန်စစ်၊ 'ပီ' ဖြစ်ပဥ္စဧး။
၇၇။ မောမူ အဟိတ်၊ စိတ်နှစ်ဆယ်ပစ်၊ အကျန်စစ်၊ 'ဆန်' ဖြစ် ဧက်သုဥ်ဧး။
၇၈။ ပဥ္စဝိညာဉ်၊ ဝိစိ ကြဉ်၊ ဓိယှဉ် သုဥ်ဧက်ဧး။
အညသမာန်းစေတသိက် သမ္ပယောဂနည်း ပြီး၏။

-----------------

## အကုသိုလ်စေတသိက် သမ္ပယောဂနည်း

၇၉။ မောစတုက် စု၊ ယှဉ်တုံမူ၊ အကု, တဆဲ့နှစ်။
၈၀။ လော, လောဘမူ၊ ဒိဋ္ဌ သံယူ၊ မာမူ ဝိပ်လေးဖြစ်။
၈၁။ ဒေါစတုက်မူ၊ ယှဉ်ရာယူ၊ ဒေါမူ စိတ်စုံနှစ်။
၈၂။ ထိ, မိဒ်, သသင်၊ ငါးမှာယှဉ်၊ ဝိစင် ဝိစိဖြစ်။
အကုသိုလ်စေတသိက် သမ္ပယောဂနည်း ပြီး၏။

---------------

## ဝိရတီစေတသိက် သမ္ပယောဂနည်း

၈၃။ တဆဲ့ကိုးဖြာ၊ သောဘဏာ၊ ယှဉ်ရာ ကိုးဆဲ့တစ်။
၈၄။ ကာမကုရှစ်၊ လောကုတ် ရှစ်၊ ဖြစ်ရာ ဝိရတီ။
၈၅။ ကာမကုမှာ၊ ယှဉ်တုံပါ၊ ရံခါ အသီးသီး။
၈၆။ လောကုတ် ရှစ်မှာ၊ ယှဉ်တုံပါ၊ မြဲစွာ တပေါင်းတည်း။
ဝိရတီစေတသိက် သမ္ပယောဂနည်း ပြီး၏။

## အပ္ပမညာစေတသိက် သမ္ပယောဂနည်း

၈၇။ မဟာကြို ကု၊ ပ, ဒု, တ, စ၊ ရူပ ဆဲ့နှစ်၊ နှစ်ဆဲ့ရှစ်၊ ဖြစ်လေ ပမညာ။

၈၈။ ကိစ္စအာရုံ၊ အခွင့်ကြုံ၊ ဖြစ်တုံသီးသီးသာ။

အပ္ပမညာစေတသိက် သမ္ပယောဂနည်း ပြီး၏။

---------------

## ပညာစေတသိက် သမ္ပယောဂနည်း

၈၉။ ကု, ဝိ, ကြိဉာဏ်၊ ဈာန် မဟဂ္ဂုတ်၊ လောကုတ်တခွင်၊ အကုန်ယှဉ်၊ ပညာ စေတသိက်။

ပညာစေတသိက် သမ္ပယောဂနည်း ပြီး၏။

သမ္ပယောဂနည်း ပြီး၏။

--------------

## သင်္ဂဟနည်း

## အကုသိုလ်စိတ်၌ သင်္ဂဟနည်း

၉၀။ အညသမန်၊ ဆဲ့သုံးခံ၊ လေးတန် မောစတု။

၉၁။ ပ, အ, ဉ္ဈမူ၊ လော, ဒိဋ္ဌ်, ကူ၊ ပေါင်းမူ ဆဲ့ကိုးရှု။

၉၂။ ဒု, အ, ဉ္ဈမူ၊ လော, မာန်, ကူ၊ ပေါင်းမူ ဒသ်နောပြု။

၉၃။ ယင်းဆဲ့ကိုးနှစ်၊ ပီတိပစ်၊ ဆဲ့ရှစ်, တ, စ, အ။

၉၄။ ယင်းလေးရပ်တွင်၊ ထိ, မိဒ်, ဝင်၊ သသင်လေးခုရ။

၉၅။ ဆဲ့ကိုး ဆဲ့ရှစ်၊ ဝီဇက် ဝီသေ၊ နှစ်စီဝေ၊ လေးထွေ သင်္ဂဟ။

၉၆။ ပီပစ် အညံ၊ ဆဲ့နှစ်ခံ၊ လေးတန် မောစတု။

၉၇။ ဒေါစတုက်ကူ၊ ဒေါသမူ၊ ပေါင်းယူနှစ်ဆယ်ရှူ။
၉၈။ ယင်း နှစ်ဆယ်တွင်၊ ထိ, မိဒ်, ဝင်၊ သသင်ဒွေဒွေပြု။
၉၉။ ပီ, အဓိ, ဆန်၊ ကြဉ်တုံပြန်၊ အညံ တဆယ်ထား။
၁၀၀။ မောစတုပါ၊ စိကိစ္ဆာ၊ စိ, မှာ တဆဲ့ငါး။
၁၀၁။ ပီ, ဆန်, ပယ်ပစ်၊ အဉ်ဆဲ့တစ်၊ ထည့်လစ်မောစတု။
၁၀၂။ ဥဒ္ဒစ္စမှာ၊ ရတုံပါ၊ သင်္ချာ ဆဲ့ငါးခု။

အကုသိုလ်စိတ်၌ သင်္ဂဟနည်း ၅-ပြီး၏။

---------------

## အဟိတ်စိတ်၌ သင်္ဂဟနည်း

၁၀၃။ သဗ္ဗစိတ္တ၊ ခုနှစ်ရ၊ ပဉ္စ ဝိညာဏ်မှာ။
၁၀၄။ ဝိ, ဆန်, ပယ်ပစ်၊ တဆဲ့တစ်၊ ဖြစ်တုံ'သော-တီ' မှာ။
၁၀၅။ ပီ, ဆန်, ပယ်ပစ်၊ တဆဲ့တစ်၊ ဖြစ်တုံမနောဒွါ။
၁၀၆။ ဆန္ဒ ပယ်ပစ်၊ တဆဲ့နှစ်၊ ဖြစ်တုံ'ဟသိ' မှာ။
၁၀၇။ ဝိ, ပိ, ဆန်, ပယ်၊ ကျန် တဆယ်၊ ငါးသွယ်ကြွင်းဟိတ်မှာ။
၁၀၈။ ခုနှစ်, ဆဲ့တစ်၊ တဆဲ့နှစ်၊ နောက်ဖြစ် တဆယ်သာ။

အဟိတ်စိတ်၌ သင်္ဂဟနည်း ၄-ပြီး၏။

----------

## ကာမာဝစရစိတ်၌ သင်္ဂဟနည်း

၁၀၉။ ဆဲ့သုံး အညာ၊ သောဘဏာ၊ ပေါင်းထ သုံးဆဲ့ရှစ်။
၁၁၀။ ပကု ဒွေမှာ၊ ယှဉ်တုံပါ၊ ဒုမှာ ဉာဏ်ကိုပစ်။
၁၁၁။ ပီပစ် ဉာဏ်ယှဉ်၊ တ ဒွေတွင်၊ စ တွင် ဉာဏ်, ပီပစ်။
၁၁၂။ သုံးဆဲ့ရှစ်တွင်၊ ဝိရတီကြဉ်၊ ကြီတွင် ကုနည်းသွား။

၁၁၃။ သုံးဆဲ့ငါးတွင်၊ မညာကြဉ်၊ ဝိတွင် ကြိနည်းသွား။
၁၁၄။ လေးစုံ သုံးထပ်၊ ဆဲ့နှစ်ရပ်၊ မှတ်လေ နည်းအပြား။
ကာမာဝစရစိတ်၌ သင်္ဂဟနည်း ၁၂-ပြီး၏။

---------------

## မဟဂ္ဂုတ်စိတ်၌ သင်္ဂဟနည်း

၁၁၅။ မဟဂ္ဂုတ်တွင်၊ ဝိရတီကြဉ်၊ ပဉ်မှာ မညာပစ်။
၁၁၆။ သုံးဆဲ့ ငါးတန်၊ ငါးဆင့်ဖန်၊ စျာန်အင်္ဂါနည်းသွား။
၁၁၇။ သုံးဆဲ့ ငါး, လေး၊ သုံးနှင့်, ဒွေး၊ တီသေးနည်းအပြား။
မဟဂ္ဂုတ်စိတ်၌ သင်္ဂဟနည်း ၅-ပြီး၏။

-----------------

## လောကုတ္တရာစိတ်၌ သင်္ဂဟနည်း

၁၁၈။ ဒွေ ပမညာ၊ ကြဉ်တုံပါ၊ သချာ သုံးဆဲ့ခြောက်။
၁၁၉။ လောကုတ် စျာန်တွင်၊ ပွားနည်းယှဉ်၊ အစဉ် ငါးဆင့် မြောက်။
၁၂၀။ သုံးဆဲ့ခြောက်, ငါး၊ လေး, သုံး, ဒွါး၊ ငါးပါး သင်္ဂဟ။
လောကုတ္တရာစိတ်၌ သင်္ဂဟနည်းပြီး၏။

**သင်္ဂဟနည်းပြီး၏။**

## နိယတ, အနိယတ စသည်

၁၂၁။ မာ, ဣဿ, မစ်, ကု၊ ထိ, မိဒ်, စု၊ သုံးခု ဝိရတိ။
၁၂၂။ နှစ် ပမညာ၊ ဆဲ့တစ်ဖြာ၊ ရံခါ ယှဉ်ကြဘိ။
၁၂၃။ အာရုံ မတူ၊ ကွဲကြမူ၊ အတူ မဖြစ်ဘိ။
၁၂၄။ သံ, သင်, ကိုသိ၊ အကျယ်ချိ၊ များဘိ စေသီးသီး။
ပိုဒ်ပေါင်း ခုနစ်ဆယ်၊ လက်ာချယ်၊ ဤ၀ယ် စေပိုင်းပြီး။

**စေတသိက်ပိုင်းပြီး၏။**

------------

# ၃– ပကိဏ်းပိုင်း

## ဟေတုသင်္ဂဟ

၁၂၅။ လော, ဒေါ, မော သုံး၊ အ, နှင့် သုံး၊ ခေါ်ထုံး ဟိတ်ခြောက်ပါး။
၁၂၆။ ရေသောက်မြစ်နှယ်၊ ကျေးဇူးကြွယ်၊ ကြီးကျယ် ကြောင်းရင်းများ။
၁၂၇။ အဟိတ် ဆဲ့ရှစ်၊ ဧဟိတ် နှစ်၊ ဒွိဖြစ် ဝီသ ဒွေး။
၁၂၈။ ဟိတ် သုံးပါး ယှဉ်၊ တိဟိတ်တွင်၊ သချ်ာ ဇောသတ္တေး။
၁၂၉။ စိတ်နှင့် စေယှဉ်၊ ကျေလည်လျှင်၊ ဟိတ်မြင် မခက်သေး။

ဟေတုသင်္ဂဟ ပြီး၏။

------

## ကိစ္စသင်္ဂဟ

(၁) ပဋိသန္ဓိကိစ္စံ= ဘဝအသစ်အသစ် ဆက်လက်ခြင်း ကိစ္စလည်းကောင်း။

(၂) ဘဝင်္ဂကိစ္စံ=ဘဝကို စောင့်ရှောက်ခြင်း ကိစ္စလည်းကောင်း။

(၃) အာဝဇ္ဇနကိစ္စံ= ဆင်ခြင်ခြင်း ကိစ္စလည်းကောင်း။

(၄) ဒဿနကိစ္စံ= မြင်ခြင်း ကိစ္စလည်းကောင်း။

(၅) သဝနကိစ္စံ= ကြားခြင်း ကိစ္စလည်းကောင်း။

(၆) ဃာယနကိစ္စံ= နံခြင်း ကိစ္စလည်းကောင်း။

(၇) သာယနကိစ္စံ=လျက်ခြင်း သာယာခြင်း ကိစ္စလည်းကောင်း။

(၈) ဖုသနကိစ္စံ=တွေ့ထိခြင်း ကိစ္စလည်းကောင်း။

(၉) သမ္ပဋိစ္ဆနကိစ္စံ=လက်ခံ သိမ်းပိုက်ခြင်း ကိစ္စလည်းကောင်း။

(၁၀) သန္တီရဏကိစ္စံ= စိစစ်ခြင်း ကိစ္စလည်းကောင်း။

(၁၁) ဝေါဋ္ဌဗ္ဗနကိစ္စံ=ပိုင်းခြားမှတ်သားခြင်း ကိစ္စလည်းကောင်း။

(၁၂) ဇဝနကိစ္စံ=အဟုန်နှင့်တကွ ကျရောက် ခံစံခြင်း ကိစ္စလည်းကောင်း။

(၁၃) တဒါရမ္မဏကိစ္စံ= ဇောဧ်၏အာရုံလျှင် အာရုံရှိသည်ဖြစ်၍ ဇောသို့ အစဉ်လိုက်ခြင်း ကိစ္စလည်းကောင်း။

(၁၄) စုတိကိစ္စံ=ဘဝမှ ရွေ့လျောခြင်း ကိစ္စလည်းကောင်း။

စုဒ္ဒသကိစ္စာနိ=တဆဲ့လေးပါးသော ကိစ္စတို့တည်း။

၁၃၀။ စပ်ဆက်, စီစဉ်၊ ဆင်ခြင်, ကြည့်ရှု၊ ကြားနာမှုနှင့်၊ နံမှု, လျက်မှု၊ တွေ့ထိမှုမှန်၊ လက်ခံ, စစ်ဆေး၊ ပိုင်းခြား ရေးတည့်၊ သိရေး တွင်ကျယ်၊ တာတွယ် လိုက်စား၊ ရွေ့ရှား ပြောင်းခွါ၊ ဆဲ့လေးဖြာ၊ ပြုရာ ကိစ္စစဉ်။

၁၃၁။ ဥ သန္တီရဲ၊ စိတ် နှစ်ဒွိမူ၊ သန္ဓိ, ဘဝင်၊ သန္တီရင်နှင့်၊ အစဉ်လိုက်မှု၊ အဆုံးစု၊ ငါးခု ကိစ္စစဉ်။

၁၃၂။ အာဝဇ္ဇန်၊ ကိစ္စဝန်၊ ဝဇ္ဇန် နှစ်စိတ်ပင်။

၁၃၃။ ဒဿနာဒိ၊ စက္ခာဒိ၊ သိလေ ကိစ္စစဉ်။

၁၃၄။ ဝုဋ္ဌောကိစ္စာ၊ မနောဒွါ၊ တစ်သာ အမြဲပင်။

၁၃၅။ ဝဇ္ဇန် ကြဉ်ဘိ၊ ကုကုကြိ၊ ဖိုလ်ထည့် ဇောပဉ်ပဉ်။

၁၃၆။ သန္တီ တြိ၊ မဟာဝိ၊ မှတ်သိ တဒါရင်။

၁၃၇။ သောသန္တီရဲ၊ ကိစ္စ ဒွိ၊ သန္တီ , တဒါရင်။

၁၃၈။ မနောဒွါရာ၊ ဒွိ ကိစ္စာ၊ ဝုဋ္ဌာ, ဝဇ္ဇန်ပင်။

၁၃၉။ ရှစ် မဟာဝိ၊ ဘွင်, သန္ဓိ၊ စုတိ, တဒါရင်။

၁၄၀။ ကိုး မဟဂ်ဝိ၊ ကိစ္စ တြိ၊ သန္ဓိ, ဘွင်, စု, ယှဉ်။

၁၄၁။ တစ်, ခြောက်- ဆဲ့ရှစ်၊ နှစ်မူ- နှစ်၊ လေး- ရှစ်, သုံး- ကိုးပင်။

၁၄၂။ ငါးမူကား-ဒွိ၊ အပေါင်းသိ၊ ပြီး၏ ကိစ္စသင်။

ကိစ္စသင်္ဂဟ ပြီး၏။

------------

## ဒွါရသင်္ဂဟ

၁၄၃။ စက်, သော, ဃာ, ဇိ၊ ကာ, မနိ၊ ခြောက်လီ ဒွါရမှတ်။

၁၄၄။ အကြည် အလင်၊ ဖိတ်ဖိတ်လွင်၊ ထွက်ဝင် တံခါးဓာတ်။

၁၄၅။ ဘဝင် ဆဲ့ကိုး၊ စိတ်အမျိုး၊ ခေါ်ရိုး မနောဒွါ။
၁၄၆။ စက္ခု စသည်၊ ဖိတ်ဖိတ်လည်၊ အကြည် ရုပ်တို့သာ။
၁၄၇။ မနော ဟူသည်၊ ဖိတ်ဖိတ်လည်၊ အကြည် နာမ်တို့သာ။
၁၄၈။ ပဉ္စဝိညာဉ်၊ ကိုယ်စီယှဉ်၊ ငါးအင် ဒွါရမှာ။
၁၄၉။ မနောဓာတ်ခေါ်၊ စိတ်မနော်၊ ငါးဖော် ဒွါရမှာ။
၁၅၀။ မနောဒွါရာ၊ တီ သုံးဖြာ၊ မဟာဝိပါက်ရှစ်။
၁၅၁။ နှစ်ဆဲ့ကိုးမျှ၊ ဇောကာမ၊ ဒွါရ ခြောက်ပါးဖြစ်။
၁၅၂။ ဇောအပ္ပနာ၊ ဆဗ္ဗီသာ၊ မှန်စွာ မနောဖြစ်။
၁၅၃။ ဆဲ့ကိုး ပဋိသန်၊ စိတ်အမှန်၊ ခြောက်တန် ဒွါရလွတ်။
၁၅၄။ စက္ခု ဒွါရောက်၊ လေးဆဲ့ခြောက်၊ ယူကောက် စိတ်အရ။
၁၅၅။ သောတ စသည်၊ ဒွါ လေးလီ၊ ထုံးမှီ ရှေးနည်းပြ။
၁၅၆။ ခြောက်ဆဲ့ခွန်သာ၊ မနောဒွါ၊ သင်္ချာ စိတ်ရေရ။
၁၅၇။ တဒွါရ ရောက်၊ သုံးဆဲ့ခြောက်၊ ငါး ရောက် မနောသုံး။
၁၅၈။ ခြောက်ဒွါရဖြစ်၊ သုံးဆဲ့တစ်၊ လွတ်, ဖြစ် တဆယ်နှုန်း။
၁၅၉။ မဟဂ် ဝိပါ၊ ကိုးခုမှာ၊ ခြောက်ဒွါ လွတ်မြဲထုံး။

ဒွါရသင်္ဂဟ ပြီး၏။

---------

## အာရမ္မဏ သင်္ဂဟ။

၁၆၀။ ရူပ, သဒ္ဒါ၊ ဂန္ဓာ, ရသ၊ ဖောဋ္ဌဗ္ဗ၊ ဓမ္မ ခြောက်အာရုံ။
၁၆၁။ စိတ်, စေတသိက်၊ နိဗ်, ရုပ်အကြွင်း၊ ပညတ် အများ၊ ဤငါးပါး၊ မှတ်သား ဓမ္မာရုံ။

၁၆၂။ ဆွဲကိုင်မှီတွယ်၊ ကျေးဇူးကြွယ်၊ ခြောက်သွယ် ခေါ်အာရုံ။
၁၆၃။ နိဗ္ဗာန် ပညတ်၊ နှစ်ရပ် ဓမ္မ၊ ဖြစ်ကင်းပ၊ ကာလ ဝိမုတ်ကြုံ။
၁၆၄။ ပဉ္စဝိညာဏ်။ ကိုယ်စီရုံ၊ ငါးတန် ရူပါဒိ။
၁၆၅။ မနောဓာတုံ၊ ငါးအာရုံ၊ နှစ်စုံ ဆွဲသုံးရှိ။
၁၆၆။ ပစ္စုပ် ဧကန်၊ ရုပ်ဧကန်၊ အမှန် တွေးယူညှိ။
၁၆၇။ တဒါ ဟသ၊ ဆွဲနှစ်ဝ၊ ကာမကိုသာ သိ။
၁၆၈။ အကု ဆွဲနှစ်၊ ရှစ် ဝိပ္ပယုတ်၊ ကု, ကြိ, ထုတ်၊ လောကုတ် ကြဉ်၍ သိ။
၁၆၉။ ကာမကုဉာဏ်၊ ကုဘိဉာဏ်၊ ငါးတန် စိတ်မနိ[၁]။
၁၇၀။ ရဟတ် မဂ်ဖိုလ်၊ ကြဉ်စေလို၊ ကြွင်းကို အကုန်သိ။
၁၇၁။ ကာမကြိဉာဏ်၊ ကြိဘိဉာဏ်၊ ဝဇ္ဇန် မနော ဆိ။[၂]
၁၇၂။ ခပ်သိမ်း အာရုံ၊ အလုံးစုံ၊ အကုန်ပြုလေဘိ။
၁၇၃။ ဘိဉာကြဉ်မူ၊ ဆွဲငါး ရူ၊ အရူ ပ, တ, ဆိ။
၁၇၄။ ပညတ် ဧကစ်၊ နှစ်ဆွဲတစ်၊ စင်စစ် အမှန်သိ။
၁၇၅။ အရူ ဒုမှာ၊ ပ-ကိုသာ၊ စ-မှာ တ-ကို သိ။
၁၇၆။ လောကုတ္တရ၊ စိတ် ရှစ်တန် နိဗ္ဗာန်ကိုသာ သိ။

အာရမ္မဏသင်္ဂဟပြီး၏။

---------

## ဝတ္ထုသင်္ဂဟ

၁၇၇။ စက်, သော, ဃာ, ဇိ ကာ, ဟဒီ၊ ခြောက်လီ ဝတ္ထုရုပ်။
၁၇၈။ တည်ရာ, မှီရာ၊ မြေပမာ၊ လွန်စွာကျေးဇူးထုတ်။

၁၇၉။ ဝတ္ထု ခြောက်စုံ၊ ကာမဘုံ၊ အကုန်ရသည်သာ။
၁၈၀။ စက်, သောနှစ်တန်၊ ဟဒယံ၊ သုံးတန် ရူပမှာ။
၁၈၁။ အရူပမူ၊ ဝတ္ထုဟူ၊ မြူမျှ မရှိပါ။
၁၈၂။ ဝိညာဏ် ဆယ်လီ၊ အမြဲမှီ၊ ငါးလီ သီးသီးသာ။
၁၈၃။ မနောဓာတ်သုံး၊ မှီမြဲထုံး၊ အဆုံး ဝတ္ထုမှာ။
၁၈၄။ သန္တီ, မဟာဝိ၊ ဒွေ ပဋိ၊ ဟသိ ဆဲ့ငါးရှု။
၁၈၅။ သောတာမဂ္ဂ၊ သုံးဆယ်ရ၊ ဟဒ္ဒ အမြဲယူ။
၁၈၆။ အရူပဝိ၊ စတု ညီ၊ အမှီ မရှိဟူ။
၁၈၇။ လော, မော ဆယ်ဖြာ၊ မနောဒွါ၊ မဟာကု, ကြိရှစ်။
၁၈၈။ ကု, ကြိ ရှစ်ဖြာ၊ အရူပါ၊ ကုတ်မှာ ထက်ခုနစ်။
၁၈၉။ ဝတ္ထုရုပ်စီ၊ မှီ မမှီ၊ ပေါင်းညီ လေးဆဲ့နှစ်။
၁၉၀။ မှီ စတုတေး၊ မမှီ လေး၊ စဒွေး မှီ မမှီ။

ပိုဒ်ပေါင်း ခြောက်ဆယ်၊ လက်ာခြယ်၊ ဤဝယ် ပကိဏ်းပြီး။

ပကိဏ်းပိုင်း ပြီး၏။

----------------

# ၄-ဝီထိပိုင်း

## စိတ်သက်, ရုပ်သက်

၁၉၁။ ဖြစ်, တည်, ချုပ်လတ်၊ ဤသုံးရပ်၊ ဥပါဒ်, ဋ္ဌီ, ဘင် ယူ။
၁၉၂။ ခဏငယ် သုံးချက်၊ အပေါင်းနက်၊ စိတ္တက္ခဏယူ။
၁၉၃။ လျှပ်တပြက်တွင်၊ စိတ္တက္ခဏော၊ အပေါင်းရော၊ ကုဋေ တသိန်းဟူ။
၁၉၄။ ဆဲ့ခုနစ်ချက်၊ ထိုစိတ်သက်၊ ရုပ်သက် တခုယူ။

၁၉၅။ လက္ခဏာ လေး၊ ဝိညတ် ဒွေး၊ ကြဉ်ရေး ရုပ်ဒွိဒူ။
စိတ်သက် ရုပ်သက် ခွဲခန်း ပြီး၏။

-------------

## ပဉ္စဒွါရဝီထိ အပြား

၁၉၆။ ဒွါရမုတ်မျိုး၊ တဆဲ့ကိုး၊ ခေါ်ရိုး ဝီထိမုတ်။
၁၉၇။ ခြောက်ဒွါရဝယ်၊ စိတ်စဉ်ခြယ်၊ ခြောက်သွယ် ဝီထိထုတ်။
၁၉၈။ တိမဟန်နှင့်၊ မဟန်, ပရိတ်၊ တိပရိတ်၊ ဖြာစိတ် ပဉ္စဒွါ။
၁၉၉။ အတိမဟန်၊ တချက်လွန်၊ မဟန် နှစ်, သုံး သာ။
၂၀၀။ လေးက အစ၊ ကိုးတိုင်မျှ၊ လွန်က ပရိတ္တာ။
၂၀၁။ တဆယ် အာဒိ၊ ဆဲ့ငါးထိ၊ လွန် တိပရိတ္တာ။
၂၀၂။ တဒါနှင့် ဇော၊ ဝုဋ္ဌော, မောဃ၊ လေးဝါရ၊ ယှဉ်ကြ စဉ်တိုင်းသာ။
၂၀၃။ ပရိတ္တာ ထုံး၊ ဝုဋ္ဌောဆုံး၊ နှစ်, သုံး အကြိမ်သာ။
ပဉ္စဒွါရဝီထိအပြား ပြီး၏။

-------------

## ပဉ္စဒွါရဝီထိ ဖြစ်ကြောင်းများ

၂၀၄။ စက္ခု, လောက၊ ရူပ ထင်ပြီ၊ မနသိ၊ လေးလီ စက္ခုဘို့။
၂၀၅။ သောတာ, ကာသ၊ သဒ္ဒ ထင်ပြီ၊ မနသိ၊ လေးလီ သောတဘို့။
၂၀၆။ ဃာန, ဝါတ၊ ဂန္ဓ ထင်ပြီ၊ မနသိ၊ လေးလီ ဃာနဘို့။
၂၀၇။ ဇိဝှာ, အာပ၊ ရသ ထင်ပြီ၊ မနသိ၊ လေးလီ ဇိဝှါဘို့။

၂၀၈။ ကာယ, ထဒွါ၊ ဖောဋ္ဌ ထင်ပြီ၊ မနသီ၊ လေးလီကာယဘို့။
ပဉ္စဒွါရဝီထိ ဖြစ်ကြောင်း ပြီး၏။

------------------

## ဝီထိ အစဉ်

၂၀၉။ အတီ, စလေ၊ ဥပစ္ဆေ၊ သုံးထွေ ဘဝင်။
၂၁၀။ ဘဝင် သုံးတန်၊ အာဝဇ္ဇန်၊ ဝိညာဏ် ဒွေပဉ္စ။
၂၁၁။ သံ, သန်, ဝုဋ္ဌာ၊ ဇော သတ္တာ၊ တဒါ နှစ်ကြိမ်ကျ။
၂၁၂။ ထိုနောက် ဘဝင်၊ အများပင်၊ လေးစဉ် နုဗန္ဓ။
၂၁၃။ ပဉ္စဝိညာဏ်၊ မှီရာမှန်၊ ငါးတန် သူ့ဒွါရ။
၂၁၄။ မန္ဒ, အမန်၊ မဖျိမ်၊ သုံးတန် အာယုက။
၂၁၅။ ပဉ္စဝိဉ် ဥ၊ ငှီကိုရှု၊ ဧကေုပညာသ။
၂၁၆။ တီ, ဘွင် ပြိုင် ဥ၊ မဖျိုပြု၊ နှစ်ခု ရှေ့နောက်ကျ။
၂၁၇။ စိတ္တက္ခဏံ၊ တချက်လွှန်၊ ဟာဒံ မှီကြွင်းစု။
ပဉ္စဒွါရ ဝီထိ ပြီး၏။

-----------

## အနုဗန္ဓကဝါရ
## အတိဝိဘူတာရုံ, ဝိဘူတာရုံ, အဝိဘူတာရုံ, အတိအဝိဘူတာရုံ။

၂၁၈။ ဝိဘူ လေးဖြာ၊ မနောဒွါ၊ လွန်စွာ အပြားများ။
၂၁၉။ တဒါ, ဇောနှင့်၊ ဝုဋ္ဌော, မောဃ၊ လေးဝါရ၊ ယှဉ်ကြ
အစဉ်အား။
၂၂၀။ ကာမဝါရာ၊ အပ္ပနာ၊ နှစ်ဖြာ အရင်းထား။
၂၂၁။ အနုဗန္ဓက၊ သုဒ္ဓိက၊ ကာမ နှစ်ထွေပြား။

၂၂၂။ အတိတ်, သမူဟ၊ အတ္တဒြဗ်၊ နာမ်ပညတ်၊ လေးရပ်
နုဗန်ပွား။

အနုဗန္ဓကဝါရ ပြီး၏။

------------

## ကာမသုဒ္ဓိက ဝီထိ

၂၂၃။ ဒိဋ္ဌ, သုတံ၊ ဝိညာတံ၊ သမ္ဗန် ကိုယ်စီပွား။
၂၂၄။ ကာမနာမ်ရုပ်၊ မဟဂ္ဂုတ်၊ လောကုတ် ပညတ်ထား။
၂၂၅။ ပစ္စုပ်, တီတ၊ နာဂတ၊ ကာလ ဝိမုတ်ပွား။

ကာမသုဒ္ဓိက ဝီထိ ပြီး၏။

---------------

## ကာမ မနောဒွါရ ဝီထိ

၂၂၆။ ဘဝင် နှစ်တန်၊ အာဝဇ္ဇန်၊ ကာမံဇော သတ္တာ။
၂၂၇။ တဒါ ဒွယ၊ ဘဝင်ကျ၊ များလှ နောက်လိုက်မှာ။
၂၂၈။ ဝါရ လေးသွယ်၊ ဝေဘန်ခြယ်၊ ဝုဋ္ဌ်ဝယ် နှစ်, သုံးသာ။

(ဝုဋ္ဌောကို ဝုဋ္ဌ် ဆိုသည်)

ကာမ မနောဒွါရဝီထိ အပြား ပြီး၏။

----------------

## ဝိပါက နိယမ

၂၂၉။ ဣဋ္ဌာရုံတွင်၊ ကု-ဝိ ယှဉ်၊ တိတွင် သောမနသ်။
၂၃၀။ အနိဋ္ဌာပြို၊ အကု-ဝိ၊ ကြိလည်း ဝိနှယ်တတ်။
၂၃၁။ ဒေါနောက်မှာမူ၊ တဒါ, ဘဝင်၊ သောမယှဉ်၊ ဥ, လျှင်
အမြဲမှတ်။

၂၃၂။ သောပုဂ္ဂလ၊ ဇောဝါရ၊ ဒေါမှ နောက် ဥ-အာ။

၂၃၃။ တိက္ကဌ် တရပ်၊ မဟာဂုတ် နှင့်၊ ပညတ် တဝ၊ ဒေါဇော ကျ၊ ဒေါမှ နောက် ဥ-အာ။

၂၃၄။ ပုဂ္ဂိုလ်ကာမ၊ ဇောကာမနှင့်၊ ကာမအာရုံ၊ သုံးချက်ဆုံ၊ တဒါရုံ၏ အခွင့်တည်း။

ဝိပါကနိယမ ပြီး၏။

----------

## ကာမဇောဝါရ နိယမ

၂၃၅။ အရိုး သတ်, ဆ၊ အားနည်းလှ၊ ပဋ္ဌ အကြိမ်သာ။

၂၃၆။ ဝသီခေါင်ဖျား၊ စျာန်နှင့်ငြား၊ လေး, ငါး နှစ်ထွေလာ။

ကာမဇောဝါရ နိယမ ပြီး၏။

-------------

## အပ္ပနာဇောဝါရ

### ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘု။

၂၃၇။ ကာမ ရှစ်တန်၊ ကု ကြိ ဉာဏ်၊ သုံးတန် လေးကြိမ်သာ။

၂၃၈။ လေး, ငါးကြိမ်မြောက်၊ ပနာ ရောက် ၊ ထို့နောက် တိ ဘွင် သာ။

၂၃၉။ သောမှာ သောချင်း၊ ဥ ဥချင်း၊ ယှဉ်လျှင်း ကာပနာ။

၂၄၀။ ကုကု, ဖိုလ် သုံး၊ ကြိ, ကြိ ရုံး၊ ထက်ဆုံး ဖိုလ် အပါ။

၂၄၁။ သော ကု နောင်ဖြစ်၊ သုံးဆဲ့နှစ်၊ ဆဲ့နှစ် ဥကု မှာ။

၂၄၂။ သောကြိ နောင်ရှစ်၊ ဥကြိ နှစ်၊ နောက်ဖြစ် ခြောက်ပနာ။

၂၄၃။ အာဒိကမ္မ၊ မဂ် ဘိည၊ ရောဓ ဆုံး ကော။

၂၄၄။ မဂ်နောင် ဖိုလ်လေး၊ နှစ်, သုံးရေး၊ နိရှေး နေ့,နှစ်သာ။

၂၄၅။ ဆိုပြီးသည်မှ၊ ကြွင်းသမျှ၊ များလှ ကြိမ်ပနာ။
အပ္ပနာဇောဝါရပြီး၏။

--------------

## ဘုံ၌ စိတ်ရ

၂၄၆။ မဟဂ်ဝိကြဉ်၊ ကာမတွင်၊ စိတ်လျှင်ရှစ်ဆယ်ရ။
၂၄၇။ ဆ ဈာနာဒိ၊ မဟာဝိ ရှစ်၊ ဒေါနှစ် တမူ၊ အရူ ဝိလေး၊ ကြဉ်ရေး နှစ်ဆယ်၊ဆနောကြွယ်၊ ခြောက်ဆယ်ကိုး ရူပ။
၂၄၈။ ဝထ္ထု ရုပ်စီ၊ မှီမမှီလစ်၊ လေးဆယ့်နှစ်ဟူ၊ အရူဝိ လေး၊ ပေါင်းထွေး တုံမြောက်၊ လေးဆဲ့ ခြောက်၊ ရမြောက် အရူပ။
ဘုံ၌ စိတ်ရပုံ ပြီး၏

-------------

## ဘုံ၌ပုဂ္ဂိုလ်ရ

၂၄၉။ ဒု, သု, ဒွိ, တိ၊ အရိယာ ရှစ်၊ တကျိပ်နှစ်၊ ပြားလစ် ဝါကရာ။
၂၅၀။ အပါယ် ဒုစ၊ လူ, စ, ဒုပစ်၊ နှစ်ဆဲ့နှစ်၊ ပေါင်းလစ် နှစ်ဆယ့်ခြောက်။
၂၅၁။ ဒု,သုမယှဉ်၊ ထက်နတ်ခွင်၊ ပေါင်းလျှင်ငါးကျိပ်မြောက်။
၂၅၂။ တိဟိတ် အရိယာ၊ ကိုးသဉ္ဇာ၊ ဗြဟ္မာ ဝေဟပ် ရောက်။
၂၅၃။ သညသတ်မှာ၊ သု တစ်သာ၊ သုဒ္ဓါ ထက်သုံးကောက်။
၂၅၄။ သောတာမဂ်ပစ်၊ ခုနှစ် အရိယာ၊ တိဟိတ်ပါ၊ လေးဖြာဘုံနှင့် မြောက်။

၂၅၅။ နှစ်ရာ့တစ်ဆယ်၊ လေးယောက်ကယ်၊ အကျယ်ဘုံ
တလျှောက်။

ဘုံ၌ ပုဂ္ဂိုလ်ရ ပြီး၏။

------------

## ပုဂ္ဂိုလ်၌ စိတ်ရ

၂၅၆။ 'ဇောကိုးကြိ၊ မဟာဝိ ရှစ်၊ ဆဲ့ခွန်'ပစ်၊ ဒုဖြစ် တြိန်းသတ်။
၂၅၇။ ဝိပ္ပယုတ် ဝိပါက်၊ လောင်းစွက်ပြန်လစ်၊ လေးဆဲ့တစ်၊
ဖြစ်လေ သု, ဒွိမှတ်။
၂၅၈။ သမ္ပယုတ် ဝိပါက်၊ လောင်းစွက်ပြန်ငြား၊ လေးဆဲ့ငါး၊
မှတ်သား တိဟိတ်မှာ။
၂၅၉။ မဟဂ် ကု ကြိ၊ လောင်းတုံဘိ၊ တိဟိတ် အကုန်ပါ။
၂၆၀။ မဂ္ဂဋ္ဌာန်စု၊ မဂ်လေးခု၊ ရမူ ဧက သာ။
၂၆၁။ ဒိဋ္ဌ်သံ, ဝိစိ၊ ကြဉ်တုံဘိ၊ အာဒိ ဒွေဖလာ။
၂၆၂။ ဒေါကို ပယ်ပြန်၊ အနာဂါမ်၊ အကျန် သူတို့မှာ။
၂၆၃။ အကုသိုလ်နှင့်၊ ကုသိုလ်နှစ်သွယ်၊ အောက်ဖိုလ် ပယ်ဘိ၊
ဗျည်းတြိ၊ သိလေ ရဟန္တာ။

ပုဂ္ဂိုလ်၌ စိတ်ရ ဝေဘန်ခန်း ပြီး၏။

------------

ပိုဒ်ခုနစ်ဆယ်၊ လက်ာခြယ်၊ ဤဝယ် ဝီထိပြီး။
ဝီထိပိုင်း ပြီး၏။

-----------------

# ၅-ဘုံပိုင်း

## ကာမ ၁၁-ဘုံ

၂၆၄။ ကိုးသိန်း ခြောက်သောင်း၊ အထုပေါင်း၊ တည်ရှောင်း အောက်ခံလေ။
၂၆၅။ လေးသိန်း ရှစ်သောင်း၊ အထုပေါင်း၊ တည်ရှောင်း လေထက် ရေ။
၂၆၆။ နှစ်သိန်း လေးသောင်း၊ အထုပေါင်း၊ တည်ရှောင်း ရေထက် မြေ။
၂၆၇။ သိလာ, ပံသု၊ မြေနှစ်ခု၊ အထု ထက်ဝက် ဝေ။
၂၆၈။ သိဏ္ဍိုဝ်း, ကာလ၊ သဃ်ာတ၊ ဒွယ ရောရုဝ်။
၂၆၉။ တာပန ဒွိ၊ အဝီစိ၊ တည်ရှိ ငရဲရွာ။
၂၇၀။ သောင်းငါးထောင်စီ၊ သချာညီ၊ ရှစ်လီ ခြားအကွာ။
၂၇၁။ ဘင်, ပြာ, လက်, သန်၊ အစဉ်ရံ၊ လေးတန် ဥဿဒ။
၂၇၂။ ဘင်, ပြာ, လက်, သန်၊ မြစ်အရံ၊ ငါးတန် တနည်းမှာ။
၂၇၃။ ငရဲ, တိရိစ်၊ ပြိတ်, အသုရာ၊ ဤလေးဖြာ၊ အောက်ရွာ ပါယ်ဘူမိ။
၂၇၄။ လူ, စ, တာ,ယာ၊ တုသ်, နိမ္မာ၊ ဝသာ ပြည်ဝတ္တိ။
၂၇၅။ လေးသောင်း နှစ်ထောင်၊ အကွာတောင်၊ လူ့ဘောင် ဆင့်ဆင့်သိ။
၂၇၆။ သုဂတိ သတ်၊ ပါယ်လေးရပ်၊ ဇော်ဒသ် ကာဘူမိ။

ကာမ ၁၁-ဘုံ ပြီး၏။

## ရူပ ၁၆-ဘုံ

၂၇၇။ ပါရိသဇ္ဇာ၊ ရောဟိကာ၊ မဟာပြဟ္မာ တြိ။

၂၇၈။ ပရိတ္တာဘာ၊ ပမာဏာ၊ ဘဿာ ဘုံတြိ။

၂၇၉။ ရိတ္တာသုဘာ၊ ပမာဏာ၊ ကိဏှာ ဘုံတြိ။

၂၈၀ ဖလာ ဝေဟပ်၊ သညသတ်၊ နှစ်ရပ် တပြင်သိ။

၂၈၁။ အဝိဟ်, အတပ်၊ သုဒဿာ, ဿီ၊ အကနီ၊ ငါးလီ ဘုံသုဒ္ဓိ။

ရူပ ၁၆- ဘုံ ပြီး၏။

-------------

## အရူပ ၄-ဘုံ

၂၈၂။ အာကာ, ဝိည၊ အာကိဉ္စ၊ နေဝ အရူပိ။

၂၈၃။ ငါးသန်း ငါးသိန်း၊ ရှစ်ထောင်ချိန်း၊ ခြားကိန်း ဆင့်ဆင့်သိ။

၂၈၄။ ကုဋေ ခုနစ်၊ သန်းမှာ တစ်၊ သိန်းရှစ်, သောင်းပဉ္စာ။

၂၈၅။ ထောင်မှာကား ဆ၊ လူ-နေဝ၊ ဝေးလှယူဇနာ။

၃၁-ဘုံ ဝေဘန်ခန်း ပြီး၏။

## ပဋိသန္ဓေခန်း

၂၈၆။ ဥ. သန္တိရိ၊ အကု. ဝိ၊ သန္ဓိ အပါယ်ရွာ။

၂၈၇။ ကု, ဝိ ဥ သန်၊ လူယုတ်ကြွန်၊ နတ်ထံ ဘုန်းမဲ့စွာ။

၂၈၈။ ရှစ် မဟာဝိ၊ သုဂ္ဂတိ၊ သန္ဓိ ခုနစ်ရွာ။

၂၈၉။ မဟဂ္ဂတ၊ ဝိပါက၊ ဗြဟ္မသန္ဓိ သာ။

၂၉၀။ ကလာပ် ဇီဝိ၊ ရုပ်သာရှိ၊ သန္ဓိ အသညာ။

၂၉၁။ ဘဝ တခု၊ သန်, ဘွင်, စု၊ သုံးခု ထပ်စမြဲ။
၂၉၂။ ဘုံ, ဇာတ်, သံ, သင်၊ အာ, ငါးအင်၊ သန်, ဘွင်, စုမကွဲ။
ပဋိသန္ဓေခန်း ပြီး၏။

----------

## နတ်သက်

၂၉၃။ လူ, ဘုမ္မဇိုဝ်း၊ ပါယ်လေးမျိုး၊ သက်ဇိုဝ်း မြဲမရှိ။
၂၉၄။ ငါးဆယ် နှစ်သာ၊ လူတို့ရွာ၊ စ-မှာ တရက် သိ။
၂၉၅။ ရက်သုံးဆယ် လ၊ ဆဲ့နှစ်လ၊ စ-မှာ တနှစ်ရှိ။
၂၉၆။ ငါးရာ ထိုနှစ်၊ သက်တမ်းဖြစ်၊ လူ နှစ် ကိုးသန်းတိ။
၂၉၇။ အနှစ်တရာ၊ လူတို့ရွာ၊ တာ မှာ တရက်သိ။
၂၉၈။ သူ့ရက်, လ, နှစ်၊ အစဉ်ဖြစ်၊ တာ, နှစ် တထောင်ရှိ။
၂၉၉။ ဤနည်းနှင်နှင်၊ လေးဆ တင်၊ ထင်ခွင် ဘုံဇီဝိ။
နတ်သက်ပြီး၏။

------------

## ရူပဗြဟ္မာသက်

၃၀၀။ အာယု, အန္တရာ၊ အသင်္ချာ၊ မဟာ, လေးမျိုးကပ်။
၃၀၁။ သံ, ဝိဝဋ္ဋ တွင်၊ ဌာယီ ယှဉ်၊ သင်္ချေ လေးလီ မှတ်။
၃၀၂။ ပျက်, တည်, ဖြစ်, တည်၊ အစဉ်လည်၊ လေးမည် အနက်ဟပ်။
၃၀၃။ သင်္ချေလေးဖြာ၊ အပေါင်းမှာ၊ မဟာ ကမ္ဘာမှတ်။
၃၀၄။ မီးခုနစ်တန်၊ ရေ တတန်၊ ရှစ်ပြန် ဆုံး လေ ခတ်။
၃၀၅။ ပ, ဒု, တ, ထွေ၊ စျာန်ဘုံဗွေ၊ မီး, ရေ, လေ နယ် မှတ်။
၃၀၆။ ဇာတိ အာဏာ၊ ဝိသယာ၊ သုံးဖြာ လောကခတ်။

၁၀၇။ သောင်း, သိန်း, ကုဋေ၊ အသင်္ချေ၊ သုံးထွေ အစဉ်ဟပ်။
၁၀၈။ ဖြစ်ပျက် နှစ်ဖြာ၊ အတူမှာ၊ အာကာသခေတ် ဟုမှတ်။
၁၀၉။ ကပ် အန္တရ၊ ဧက်ဝီသ၊ ပြဟ္မပါရိသဇ်။
၁၁၀။ ကပ် အန္တရ၊ ဗာတ္တိံသ၊ ပြဟ္မပုရောဟိတ်။
၁၁၁။ ခြောက်ဆဲ့လေးဖြာ၊ သင်္ချေယျာ၊ မဟာပြဟ္မာသက်။
၁၁၂။ နှစ်, လေး, ရှစ်, သာ၊ ကပ်မဟာ၊ သုံးဖြာ ဒုဘုံသက်။
၁၁၃။ ရှစ်ကမ္ဘာတွင်၊ ထမ်းပိုးတင်၊ သုံးခွင် တ-ဘုံသက်။
၁၁၄။ ဝေဟပ်, သညာ၊ ကပ်ငါးရာ၊ သုဒ္ဓါ ထမ်းပိုးတက်။

ရူပပြဟ္မာသက် ပြီး၏။

--------------

## အရူပပြဟ္မာသက်

၁၁၅။ နှစ်သောင်း, လေးသောင်း၊ ခြောက်သောင်း တလှစ်၊ ရှစ်သောင်း လေးထောင်၊ သင်္ချေဆောင်၊ အခေါင် ဘုံဘဝဂ်။

အရူပပြဟ္မာသက် ပြီး၏။

-------------

## ကိစ္စအပြား ကံလေးပါး

၁၁၆။ ပဋိသန္ဓိ၊ ပဝတ္တိ၊ ဝိပါက် ကဋတ္တာ။
၁၁၇။ ဖြစ်ပွားစေမှု၊ ကျေးဇူးပြု၊ ကု, ကု ဇနကာ။
၁၁၈။ ထောက်ပံ့သမှု၊ ကျေးဇူးပြု၊ ဥပတ္ထမ္ဘကာ။
၁၁၉။ နှိပ်စက် ညှင်းပန်း၊ ညှိုးနွမ်းစေမှု၊ ဖိစီးပြု၊ ဥပပီဠကာ။
၁၂၀။ ပြတ်ဆုံးစေမှု၊ အတင်းပြု၊ ဥပဃာတကာ။

ကိစ္စအပြား ကံလေးပါး ပြီး၏။

## ပါကဒါနပရိယာယအပြား ကံလေးပါး

၃၂၁။ ကံတပါးတို့ မတားနိုင်ရာ၊ အားကြီးစွာ၊ သညာ ဂရုက။
၃၂၂။ သေဆုံးလုမှ၊ ပြုသော်ငင်း၊ အဟောင်း ပေါ်လာ၊ ကံနှစ်ဖြာ၊ သညာ အာသန္န။
၃၂၃။ နေ့ရှည်လေ့ကျက်၊ ရက်ရှည် စွဲမြဲ၊ အထုံသဲ၊ ခေါ်မြဲ အာစိဏ္ဏ။
၃၂၄။ သုံးပါးမှလျှင်၊ အလွတ်ထင်၊ သညာ ကဋတ္တာ။
ပရိယာယအပြား ကံလေးပါး ပြီး၏။

------------

## ကာလအပြားကံလေးပါး (ပါကဌာနကံ ၄-ပါး )

၃၂၅။ ဒိဋ္ဌဓမ္မ၊ ဥပပဇ္ဇ၊ ပရာပရိ၊ အဟောသိ၊ ရှိသည် ကံလေးပါး။
၃၂၆။ မျက်မှောက်ဘဝ၊ အကျိုးရ၊ ဒိဋ္ဌ ဇောဦးသာ။
၃၂၇။ ခြားမဲ့ဘဝ၊ အကျိုးရ၊ ဥပ ဆုံးဇောသာ။
၃၂၈။ ပရံပရ၊ အနမတက်၊ အဆက်ဆက်ဝယ်၊ အကျိုးကြွယ်၊ အလယ် ဇောငါးဖြာ။
၃၂၉။ ကံ အဟောသိ၊ ကျိုးမရှိ၊ တို့ စေတနာ။
ကာလအပြား ကံလေးပါး ပြီး၏။

--------------

## ဒုစရိုက် ၁၀-ပါး

ကာယဝိညတ်ရုပ်သည် **ကာယဒွါရ** မည်၏၊ ဝစီဝိညတ်ရုပ်သည် **ဝစီဒွါရ** မည်၏၊ ဇောစိတ်သည် **မနောဒွါရ** မည်၏၊ ကာယဒွါရ၌ ဖြစ်သောကံသည် **ကာယကံ** မည်၏၊

ဝစီဒွါရ၌ ဖြောက်သောကံသည် **ဝစီကံ** မည်၏၊ မနောဒွါရ၌ ဖြောက်သောကံသည် **မနောကံ** မည်၏၊ ပါဏာတိပါတ, အဒိန္နဒါန်, ကာမေသုမိစ္ဆာစာရ, မုသာဝါဒ, ပိသုဏဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပ, အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိ။

၃၃၀။ သက်သတ်, ခိုးမှု၊ ကာမေသု၊ သုံးခု ကာယကံ။
၃၃၁။ မုသာ, မိတ်ခွဲ၊ ဆဲရေး, ပြိန်ဖျင်း၊ အပါယ်ချဉ်း၊ လေးသင်း ဝစီကံ။
၃၃၂။ သူ့ပိုင်နက်ကို၊ ကိုယ့်ဘက် ညွတ်စေ၊ အသေတောင့်တ၊ ပါပဒိဋ္ဌိ၊ အယူငြိ၊ တြိ မနောကံ။
၃၃၃။ ကိုယ်တိုင်, တိုက်တွန်း၊ ချီးမွမ်း, စိတ်တူ၊ ပွားပြန်မူ၊ မှတ်ယူ လေးဆယ်ကံ။

## သုစရိုက် ၁၀-ပါး

ပါဏာတိပါတာ ဝေရမဏီ, အဒိန္နာဒါနာ ဝေရမဏီ, ကာမေသု မိစ္ဆာစာရာဝေရမဏီ, မုသာဝါဒါ ဝေရမဏီ, ပိသုဏဝါစာ ဝေရမဏီ, ဖရုသဝါစာ ဝေရမဏီ, သမ္ဖပ္ပလာပါ ဝေရမဏီ, အနဘိဇ္ဈာ, အဗျာပါဒ, သမ္မာဒိဋ္ဌိ။

၃၃၄။ ကာ-ဒု သုံးပါး၊ ကြဉ်ရှောင်ငြား၊ သုံးပါး ကာယကံ။
၃၃၅။ နှုတ်-ဒု လေးပါး၊ ကြဉ်ရှောင်ငြား၊ လေးပါး ဝစီကံ။
၃၃၆။ အနဘိဇ္ဈာ၊ အဗျာပါနှင့်၊ သမ္မာဒိဋ္ဌိ၊ ဖြောင့်မှန်သိ၊ တြိ-မနောကံ။

## ပုညကိရိယာ ဝတ္ထု ၁၀-ပါး

ဒါန, သီလ, ဘာဝနာ, အပစာယန, ဝေယျာဝစ္စ, ပတ္တိဒါန, ပတ္တာနုမောဒန, ဓမ္မသဝန, ဓမ္မဒေသနာ, ဒိဋ္ဌိဇုကမ္မ။ (ပုညကိရိယဝတ္ထု ၁၀-ပါး)။

၃၃၇။ ဒါ, သီ, ဘာ, ပူ၊ ကြောင့်ကြမှုနှင့်၊ အလှူဝေငှ၊ အမှျ
သာဓု၊ သူ့တရားနာ၊ သိရာပြောဆို၊ ကံကို ကိုးရှိ၊
ဆယ်မျိုးဝတ္ထု၊ ပုညမှု၊ သုခ ပွားများရန်။

၃၃၈။ ပုဗ္ဗာ, မုဉ္စ၊ ပရ ကြည်စွာ၊ စေတနာ၊ သုံးဖြာ သီးသီးဖန်။

၃၃၉။ ငါးပါး, ဆယ်ပါး၊ နိစ္စထား၊ ရှစ်ပါး ဥပုသ်ကံ။

၃၄၀။ မဟဂ် ကိုးဖြာ၊ ဘာဝနာ၊ အပ္ပနာ မနောကံ။

ကံ ဝေဘန်ခန်း ပြီး၏။

------------

## ကာမ ကုသိုလ် အကျိုး

၃၄၁။ ဥစ်-စေ, ကြဉ်လစ်၊ ကံ ဆဲ့တစ်၊ ဖြစ်စေ ပါယ်သန္ဓိ။

၃၄၂။ ဥဒ္ဓစ္စ ပါ၊ ဆဲ့နှစ်ဖြာ မူ၊ ကာမေ, ရူပေ၊ ပဝတ္တော၊ ဖြစ်စေ
အကုဝိ။

၃၄၃။ ကာ-ကုရှစ်သာ၊ ကာသု မှာ၊ ကိုးဖြာ သုသန္ဓိ။

၃၄၄။ ဝိပါက် မဟာ၊ ကာသု မှာ၊ ကာ, ရူ-ရှစ် ကုဝိ။

၃၄၅။ ဟိတ် ဥက္ကဋ္ဌ၊ ဩမကံ၊ နှစ်တန် ခွဲဝေသိ။

၃၄၆။ သုကုသလံ၊ ရှေ့နောက်ရံ၊ ထက်သန် ဥက္ကဋ္ဌ။

၃၄၇။ အကုသလံ၊ ရှေ့နောက်ရံ၊ ယုတ်ပြန် ဩမက။

၃၄၈။ တိ-ဥက် တိဝိ၊ လေးသန္ဓိ၊ ပဝတ္တိ ဆဲ့ခြောက်သာ။

၃၄၉။ တိဩ-ဒွိဝိ၊ လေးသန္ဓိ၊ ပဝတ္တိ ဆဲ့နှစ်သာ။

၃၅၀။ ဒွိဥက်-ဒွိဝိ၊ လေးသန္ဓိ၊ ပဝတ္တိ ဆဲ့နှစ်သာ။

၃၅၁။ ဒွိသြ-ကုဝိ၊ သန်-သန္တိ၊ ပဝတ္တိ ကုရှစ်သာ။
၃၅၂။ ဆဲ့ခြောက် လေးလီ၊ လေး လေးလီ၊ အညီ တိဉက်မှာ။
၃၅၃။ တိသြ-ဒွိဉက်၊ လေး ရှစ်သုတ်၊ ရှစ်သုတ် ဆဲ့နှစ်သာ။
၃၅၄။ ရှစ်ခု လေးလီ ၊ တစ် လေးလီ၊ အညီ ဒွိသြမှာ။
၃၅၅။ ကံ, ဝိ, နှစ်ဆူ၊ အ, သ, မူ၊ အတူ ကေစိ ဝါ။

ကာမကုသိုလ် အကျိုးပြီး၏။

----------

## မဟဂ္ဂုတ် ကုသိုလ် အကျိုး

၃၅၆။ ဟီနံ, မဇ္ဈိ၊ ပဏီတံ၊ သုံးစျာန် ကိုယ်စီပြု။
၃၅၇။ ဆန်, ဝီ, စိတ်, မံ၊ သုံးမျိုးဖန်၊ သုံးစျာန် ကွဲပြားမှု။
၃၅၈။ နာမ်ပျောက်ကင်းစေ၊ ဆုပန်ထွေ၊ သညေ ရုပ်အစု။
၃၅၉။ ဣန္ဒြေ ငါးတန်၊ အစဉ်လွန်၊ငါးတန် သုဒ္ဓါစု။
၃၆၀။ ပြဟ္မပြည်မှာ၊ အရိယာ၊ အောက်ရွာ ဆင်းမရှိ။
၃၆၁။ သုဒ္ဓါဘုံမှာ၊ အရိယာ၊ နှစ်ခါ ထပ်မရှိ။
၃၆၂။ ဝေ, နေ, အက၊ သုံးဌာနမှာ၊ အရိယာ၊ သွားရာဘုံမရှိ။

မဟဂ္ဂုတ်ကုသိုလ် အကျိုး ဝေဘန်ခန်း ပြီး၏။

--------------

## မရဏ ၄-ပါးနှင့် အာရုံ နိမိတ်များ

အာယုက္ခယ, ကမ္မက္ခယ, ဉဘယက္ခယ, ဉပစ္ဆေဒက။

(မရဏလေးပါး)

၃၆၃။ အသက်တန်း ကုန်၊ ကံစွမ်းကုန် နှင့်၊ အကုန်နှစ်မျိုး၊
ကံဆိုးဖြတ်ချေ၊ သေမြဲပေ၊ လေးထွေမရဏံ။
၃၆၄။ အကုသိုလ်နှင့်၊ ကုသိုလ် ကမ္မ၊ ဇနက၊ ခွင့်ရရှေးရှုကံ။

၃၆၅။ ကံမြောက်ကြောင်းဟူ၊ ဆောက်အဦ၊ မှတ်ယူ နိမိတ္တံ။
၃၆၆။ လားရာဂတိ၊ ထိုမှာရှိ၊ ဂတိ နိမိတ္တံ။
၃၆၇။ ထိုသုံးပါးတွင်၊ တအင်အင်၊ ထင်မြဲ ထုံးအမှန်။
၃၆၈။ ထင်လာတုံက၊ ထို အာရုံထဲ၊ တဝဲဝဲ၊ စွဲမြဲ စိတ်သန္တာန်။
၃၆၉။ ကံအာရုံမှာ၊ အတိတ်သာ၊ ထင်ရာ မနောတည်း။
၃၇၀။ ကမ္မနိမိတ်၊ အတိတ်လွန်လေ။ ပြားခြောက်ထွေ၊ ထင်လေမနောတည်း။
၃၇၁။ ယင်းနိမိတ္တံ၊ ပစ္စုပ္ပန်၊ ခြောက်တန် ဆဒ္ဒါရ။
၃၇၂။ ဂတိခြောက်တန်၊ ပစ္စုပ္ပန်၊ ထင်ရန် ဆဒ္ဒါရ။

အာရုံ ဝေဘန်ခန်း ပြီး၏။

---------------

## ပဋိသန္ဓေခန်း

၃၇၃။ တဒါ ဘွင်- စု၊ တဒါ စု။ နှစ်ခု တိမဟန္တ။
၃၇၄။ ဇော ဘဝင်စု၊ ဇောနှင့် စု၊ နှစ်ခု မဟန္တ။
၃၇၅။ မနောဒွါမူ၊ ထိုနည်းတူ၊ ဝိဘူ နှစ်ခုရ။
၃၇၆။ ဘဝင်သုံးတန်၊ အာဝဇ္ဇန်၊ ဝိညာဏ် ဒွေပဥ္စပ်။
၃၇၇။ သံ, သန်, ဝုဋ္ဌာ၊ ဇော ငါးဖြာ၊ တဒါ နှစ်ကြိမ်မှတ်။
၃၇၈။ ဘဝင် ဇေ၊ စုတိကျ၊ ဘဝ အဆုံးသတ်။
၃၇၉။ အပြစ်ဖုံးကာ၊ အဝိဇ္ဇာ၊ တဏှာ ညွတ်စေမှု။
၃၈၀။ ကံသင်္ခါရ၊ ဇနက၊ ပစ်ချ ဖြစ်စေမှု။
၃၈၁။ အကြောင်းသုံးဖေါ်၊ ညီစေဆော်။ ဖြစ်ပေါ် သန္ဓိစု။
၃၈၂။ သန္ဓိ အပွါး၊ ဘဝင်သွား။ ဆဲ့ငါး ဆဲ့ခြောက်ခု။
၃၈၃။ ဘဝင်နှစ်တန်၊ အာဝဇ္ဇန်။ နိကန် ဇောခွန်ခု။
၃၈၄။ ထို့နောင် ဘဝင်၊ အများပင်၊ အစဉ် သိစေမှု။

ပဋိသန္ဓေ ခန်းပြီး၏။

၃၈၅။ ဒု, သု, ဒွိဟု၊ စုတိနောက်ဝယ်၊ သန္ဓိခြယ်၊ တဆယ် ကာမသော။

၃၈၆။ တိဟိတ်ဝိဟု၊ စုတိနောက်ဝယ်၊ သန္ဓိခြယ်၊ နှစ်ဆယ် အကုန်ဟော။

၃၈၇။ ငါး ရူပဝိ၊ စုတိနောက်ဝယ်။ သန္ဓိခြယ်၊ ဆယ်ခွန် ဟေတုဟော။

၃၈၈။ အရူပဝိ၊ စုတိမှနောက်၊ အောက် အရူ, ရူ၊ ဒု, သု, ဒွိပစ်၊ ရှစ်, ခွန်, ခြောက်, ငါး၊ အစဉ်အား၊ နှောင်းပြား သန္ဓိသော။

တရာ့နှစ်ဆယ်၊ ကဗျာခြယ်။ ဤဝယ် ဘုံပိုင်းပြီး။

ဘုံပိုင်း ပြီး၏။

-------------

# ၆-ရုပ်ပိုင်း

## ရူပ သမုဒ္ဒေသ

နိပ္ဖန္နရုပ် -၁၈

၃၈၉။ ပ, အာ, ဝါ, တေ၊ မြေ, ရေ, လေ, မီး၊ လွန်ပွါးစီး၊ ဘုတ်ကြီး စတုက္က။

၃၉၀။ ခက်မာ, ဖွဲ့စေး၊ ပူဇေး, ထောက်ကန်၊ ဤလေးတန်။ မှတ်ရန် လက္ခဏ။

၃၉၁။ စက်, သော, ဃာ, ဇိ၊ ကာ, ငါးလီ၊ အကြည် ပသာဒ။

၃၉၂။ ရူ, သဒ်, ဂန်, ရံ၊ ဖောဋ္ဌဗ္ဗံ၊ ငါးတန် ဂေါစရ။

၃၉၃။ ဣတ္ထိ, ပုမ၊ ဘာဝ နှစ်တန်၊ ဟဒယံ၊ တဖန် ဇီဝိတ။

၃၉၄။ ကဗဠီကာ၊ ရုပ်သြဇာ၊ သချာ ဆဲ့ရှစ်ရ။

၃၉၅။ ကြောင်း စတုကြောင့်၊ ဖြစ်မှု ပေါ်လော၊ သဘောသီးသီး၊ ကိုယ်စီပြီး၊ ရုပ်ကြီးနိပ္ဖန္န။

နိပ္ဖန္နရုပ် ၁၈ ပြီး၏။

---------

## အနိပ္ဖန္နရုပ် ၁၀

၃၉၆။ ကလာပ်ခြားမျှ၊ အာကာသတည့်၊ ကာယ, ဝစီ၊ နှစ်လီ ကိုယ်, နှုတ်၊ လှုပ်မှု, ရှားမှု၊ နှစ်ခု ဝိညတ်၊ ရူပဿလဟု၊ မုဒု, ကမ္မည၊ ဝိကာရတေး၊ လေး လက္ခဏ်၊ ရုပ်ဆယ်တန်၊ အနိပ္ဖန္နတည်း။

၃၉၇။ ဖြစ်ပေါ်, ပွါးမှု၊ ဥပစယ၊ တည်ထ သန္တတိ၊ ရင့်ဘိ ဇရာ၊ ပျက်မှာ အနိစ္စ၊ သိကြောင်းမျှ၊ လက္ခဏရုပ် ခေါ်သတည်း။

အနိပ္ဖန္နရုပ် ၁၀ ပြီး၏။

ရူပသမုဒ္ဒေသ ပြီး၏။

---------------

## ရူပဝိဘာဂ

၃၉၈။ အဇ္ဈတ္တိကော၊ ပသာဒေ။ ကြွင်းလေ ဗာဟိရ။

၃၉၉။ ပသာ, ဟ မူ၊ ဝတ္ထု ယူ၊ ကြွင်းမူ အဝတ္ထု။

၄၀၀။ ပသာ, ဝိညတ်၊ ဒွါရမှတ်၊ ကြွင်းလတ် အဒွါရ။

၄၀၁။ ပ, ဘာ, ဇီဝေ။ ဣန္ဒြေ၊ ကြွင်းလေ အနိန္ဒြိယ။

၄၀၂။ ပသာ, ဂေါစရ၊ ရုပ် ဩဠာရိကခေါ်။

၄၀၃။ သပ္ပဋိဃ။ သန္တိက၊ နာမ သုံးမည်ပေါ်။

၄၀၄။ ကြွင်း သောဌသ၊ သုခုမ၊ အပ္ပဋိဃရေ။

၄၀၅။ ရုပ် ကမ္မဇ၊ ဌာရသ၊ ဥပါဒိန္န ပေ။
၄၀၆။ အသမ္ပတ္တ၊ ဂါဟက။ သောတ, စက္ခု ဟူ။
၄၀၇။ ရုပ်သမ္ပတ္တ၊ ဂါဟက၊ ဃာန, ဇိ, ကာ ယူ။
၄၀၈။ မဟာဘူတ၊ ဝဏ္ဏ, ဂန္ဓာ၊ ရသော, ဇာ၊ ရှစ်ဖြာ ဝိနိဗ္ဘော။
၄၀၉။ သနိဒဿန်၊ ဆင်းရုပ်၊ အကျန် အနိဒေါ။

ရူပဝိဘာဂ ပြီး၏။

-------------

## ရူပသမုဋ္ဌာန်

၄၁၀။ ကံ, စိတ်, ဥ, အာ၊ ဤ လေးဖြာ၊ မှတ်ပါ သမုဋ္ဌာန်။
၄၁၁။ ကာ, ရူ, ကု, ကု၊ တိတ်-စေ, စု၊ ကံဟု မှတ်ယူလေ။
၄၁၂။ သန္ဓိဥ မှ၊ ခဏ မစဲ၊ တစပ်ထဲ၊ အမြဲ ရုပ်ဖြစ်စေ။
၄၁၃။ အရူဘုံ ရှိ၊ စိတ်သန္ဓိ နှင့်၊ ဒွိ ဝိညာဏ်၊ နိဗ္ဗာန်ဆုံးစု၊ ကြည်မှု ကြွင်းထ၊ သတ် ပဉ္စ၊ တကွစိတ်နှင့်စေ။
၄၁၄။ ပဌမဘွင်၊ အစ တင်လျက်၊ အစဉ် မစဲ၊ ဥပါဒ်ဆဲ၊ အမြဲ ရုပ်ဖြစ်စေ။
၄၁၅။ ဇောအပ္ပနာ၊ ဣရိယာ၊ ကောင်းစွာ တည်ခိုင်စေ။
၄၁၆။ မနောဒွာရာ၊ ဇောကာမာ၊ ဘိညာ သုံးဆဲ့နှစ်။
၄၁၇။ ကာယ, ဝါစာ၊ မူအရာ၊ နှစ်ဖြာ ဝိညတ်ဖြစ်။
၄၁၈။ ဆဲ့သုံး သောမနဿ၊ ပြုံးရယ်တတ်၊ ငိုတတ်ဒေါ- ဇော နှစ်။
၄၁၉။ အချမ်း အပူ၊ နှစ်ဆူ အဂ္ဂိ၊ တေဇော ဒွိ၊ မှတ်ဘိ ဥတုပေ။
၄၂၀။ သန္ဓိဌီမှ၊ စ၍စီစဉ်၊ မိမိဌီတိုင်း၊ ခဏတိုင်းလျှင်၊ အစဉ်မပြတ်၊ အဇ္ဈတ်, ဗဟိဒ်၊ မဆိတ်မစဲ၊ တသဲသဲ၊ အမြဲရုပ်ဖြစ်စေ။

၄၂၁။ ဗဟိဒ် အဖွတ်၊ နှစ်ရပ် ဩဇာ၊ ရောမိခါ၌၊ ငှီသို့ ဆိုက်က၊
အဖွတ္တဝယ်၊ ခဏမစဲ၊ တသဲသဲ၊ အမြဲရုပ်ဖြစ်စေ။
၄၂၂။ ပသာ, ဘာဝ၊ ဇီနှင့် ဟ၊ နဝ ကမ္မဇာ။
၄၂၃။ ဝိညတ် ဒွယ၊ စိတ္တဇ၊ သဒ္ဒ စိတ်, ဥဇာ။
၄၂၄။ လဟုတာ စု၊ ရုပ်သုံးခု၊ စိတ်, ဥ, ဩဇ ဇာ။
၄၂၅။ အဝိနိဗ္ဘုံ၊ အာကာသံ၊ ကံ, စိတ်, ဥ, ဩဇာ။
၄၂၆။ လက္ခဏစု၊ ရုပ်လေးခု၊ စတုဝိမုတ်သာ။
၄၂၇။ ဇကန်, နေကန်၊ ကိုး နှစ်တန်၊ ကံဇ၌ာရသာ။
၄၂၈။ နှစ်ခု ဇကန်၊ နေကန် တေရ၊ ဆဲ့ငါးမျှ၊ စိတ္တ သမုဋ္ဌာန်။
၄၂၉။ ယင်း နေကန်စု၊ ဆဲ့သုံးခု၊ ဥတု သမုဋ္ဌာန်။
၄၃၀။ တိ, စတုဇ၊ ဆဲ့နှစ်မျှ၊ ဩဇ သမုဋ္ဌာန်။
ရူပသမုဋ္ဌာန် ပြီး၏။

-----------------

## ကလာပယောဇနာ

၄၃၁။ ဝိနိဗ် အဋ္ဌ၊ ဇီဝိတ၊ ဇီဝ နဝကာ။
၄၃၂။ ကြွန်, ဟဒယ၊ လောင်းပြန်က၊ အဋ္ဌ ဒသကာ။
၄၃၃။ အဝိနိဗ္ဘော်၊ ရှစ်ခုသော်၊ ခေါ်ရိုး သုဒ္ဓဋ္ဌာ။
၄၃၄။ ယင်းတွင် သဒ်, ကာ၊ စီ, သုံးဖြာ၊ လောင်းပါလေးမူလ။
၄၃၅။ မူလ လေးမှာ၊ တာ လောင်းခါ၊ ရှစ်ဖြာစိတ္တဇ။
၄၃၆။ သုဒ္ဓ, သဒ္ဒ၊ တာ ယှဉ်က၊ လေးဝ ဥတုဇာ။
၄၃၇။ သုဒ္ဓနှင့် တာ၊ ဤနှစ်ဖြာ၊ အာဟာရဇတည်း။
၄၃၈။ ဥတုမူလ၊ နှစ်စည်းမျှ၊ ရသည် ဗဟိဒ္ဓါ။
၄၃၉။ နှစ်ဆဲ့သုံးပင်၊ အဖွတ်တွင်၊ ကုန်စင် ရထိုက်စွာ။
ကလာပယောဇနာ ပြီး၏။

# ရူပပဝတ္တိက္ကမ

၄၄၀။ ဇလာဗုဇ၊ သံသေဒ၊ အဏ္ဍ, ဥပပတ်။
၄၄၁။ ဇီဝိကြဉ်ထွေ၊ ကမ္မဇေ၊ သံသေ, ဩပပါ။
၄၄၂။ စက်, သော, ဃာ, ဘာ၊ ဤလေးဖြာ၊ ရံခါ ချို့
ကောင်းစွာ။
၄၄၃။ ကာယ ဘာဝ၊ ဟာဒယ၊ ဂဗ္ဘ သန္ဓိမှာ။
၄၄၄။ နပုံ ဖြစ်လျှင်၊ ဘာဝကြဉ်၊ နှစ်ပင် ရသည်သာ။
၄၄၅။ ရေမြုပ်, ခဲ, တစ်၊ ခက်မ ဖြစ်၊ ရင့်လစ်ငါးသတ္တာ။
၄၄၆။ စက်, သော, ဃာ, ဇိ၊ ဤလေးလီ၊ ဖြစ်ပြီ ဆဲ့တစ်မှာ။
၄၄၇။ သန္ဓိ ဥမှာ၊ ကမ္မဇာ၊ ဌီမှာ ဥတုဇ။
၄၄၈။ ပဘွင် ဥမှာ၊ စိတ္တဇာ၊ ဟာရာ စိမ့်မျိုမှ။
၄၄၉။ စ၍ ဖြစ်ပြီး၊ မီးလျှံ ရေယဉ်၊ ကဲ့အသွင်၊ အစဉ်
သွားလေက။
၄၅၀။ စုတိကမ္မဇရုပ်၊ အပြိုင်ချုပ်၊ ကျန်ရုပ်သိလေကြ။
၄၅၁။ ဃာ,ဇိ, ကာ, ဘာ၊ အာဟာရဇ၊ 'သတ္တ ကလာပ်၊ ကြဉ်'
'သောဋ္ဌသ်၊ ရအပ် ရူပမှာ'။
၄၅၂။ စက်, သော, ဟ, ဇိ၊ ဤလေးလီ၊ဖြစ်ညီ သန္ဓိမှာ။
၄၅၃။ သန္ဓိဌီမှ၊ ဥတုဇ၊ ပ ဘွင် စိတ္တဇာ။
၄၅၄။ သဒ္ဒ ကြဉ်ပေ၊ ဥ နှစ်ထွေ၊ ဇီဝေ သုံးကလာပ်။
၄၅၅။ သန္ဓိ, ပဝတ္တိ၊ ဆိုရိုးသိ၊ မှတ်ဘိ သညသတ်။
၄၅၆။ ဥပပတ် မှာ၊ စုတေခါ၊ ခန္ဓာ ကြွင်းမရှိ။

ရူပပဝတ္တိက္ကမ ပြီး၏။

----------

## နိဗ္ဗာန်

၄၅၇။ ဒုက္ခ ခပ်သိမ်း၊ ချုပ်ပြတ်ငြိမ်း၊ ဇာတ်သိမ်း ပြည်နိဗ္ဗာန်။
၄၅၈။ သ ဥပါဒိ၊ သေသနိ၊ ကြွင်းရှိ ငါးရုပ်ခန်။
၄၅၉။ အနုပါဒိ၊ သေသနိ၊ မရှိ ငါးရုပ်ခန်။
၄၆၀။ သုည, နိမိတ်၊ ပဏိဟိတ်၊ဖြာစိတ် သုံးနိဗ္ဗာန်။
၄၆၁။ ပလိဗောဓ၊ ကြောင့်ကြ သဗ္ဗံ၊ ကင်းဆိတ်ညံ၊ နိဗ္ဗာန် သုညတ။
၄၆၂။ ဘေးပေါင်း တရံ၊ မဆက်ဆံ၊ နိဗ္ဗာန် နိမိတ္တ။
၄၆၃။ တောင့်တ ပူပန်၊ မဆက်ဆံ၊ နိဗ္ဗာန် ပဏိဟိတ။

ပိုဒ်ခုနစ်ဆယ်၊ လက်ာခြယ်၊ ဤဝယ်ရုပ်, နိဗ် ပြီး။

ရုပ်ပိုင်း ပြီး၏။

------------

# ၇–သမုစ္စည်းပိုင်း

## အကုသလသင်္ဂဟ

၄၆၄။ ကာမ, ဘဝ၊ ဒိဋ္ဌိ, အဝိဇ္ဇာ၊ ဤလေးဖြာ၊ စဉ်ကာ မူလထား။
၄၆၅။ ဩဃ, ယောဂါ၊ အာသဝါ။ သုံးဖြာ လေးစီ ပွါး။
၄၆၆။ အသေသတ်နှစ်၊ ဖွဲ့ပူးရစ်၊ မူးယစ်, စီး, ထုံ, ငြား။
၄၆၇။ ဘိဇ္ဈာကာယ၊ ဗျာပါဒ၊ ကာယ နှစ်စုံ သိ [၂]။
၄၆၈။ သီလဗ္ဗတံ၊ ပြာမာသံ၊ က္ကဒံသစ္စာဘိ [၃]။
၄၆၉။ နိဝေသ မူ၊ ဂန္ထ စု၊ ဖုထစ် ထုံးဖွဲ့ငြိ [၄]။
၄၇၀။ အလေ့သီလ၊ ဝတ ကျင့်မူ၊ နွားခွေးတူ၊ အယူ ဝင်္မှသုဒ္ဓိ။
၄၇၁။ ဤသာ မှန်လှ၊ ဤမှ တပါး၊ အကုန်မှား၊ စွဲငြား က္ကဒံဘိ။

၄၇၂။ ကာမ, ဒိဋ္ဌိ၊ သီလဗ္ဗတ၊ အတ္တအစု၊ စွဲလမ်းမှု၊ လေးခု ဥပါဒါန်။

၄၇၃။ ကာမစ္ဆန္ဒ၊ ဗျာပါဒ၊ ထိနမိဒ္ဓမှန်။

၄၇၄။ ဥဒ္ဓစ်, ကုက္ကု၊ ဝိ, ဝိဇ်စု၊ ခြောက်ခု နီဝရဏ်။

၄၇၅။ တားဆီး ကန့်ကွက်၊ ပိတ်ပင်ဖျက်၊ အနက် နီဝရဏ်။

၄၇၆။ ကာမ, ဘဝ၊ ပဋိဃ၊ မာန ဒိဋ္ဌိမှန်။

၄၇၇။ ဝိစိကိစ္ဆာ၊ အဝိဇ္ဇာ၊ သတ္တာနုသယ်။

၄၇၈။ အစဉ်စွဲကပ်၊ ငုပ်ကိန်းဝပ်၊ မျိုးခာတ် နုသယံ။

၄၇၉။ ကာမ, ရူပ၊ အရူပ၊ ရာဂ ပဋိဃံ။

၄၈၀။ မာန်, ဒိဋ်, သီ, ဝိ၊ ဥဒ်, ဝိဇ္ဇိ၊ ဆယ်လီ သံယောဇန်။

၄၈၁။ ရူ, ရူ, ဥဒ်, ပစ်၊ ဘဝတစ်၊ ဣဒ်, မစ်, နည်း တတန်။

၄၈၂။ ထိတ်ထောင် နှောင်ကြိုး၊ အဖွဲ့မျိုး၊ ဖွင့်ရိုး သံယောဇန်။

၄၈၃။ ဟိတ်ကြီး တြိ၊ မာန်, ဒိဋ်, ဝိ၊ ထိ, ဥဒ်, ဟိ, နောတ်, ဒသ်။

၄၈၄။ ပူပန် ညစ်ကျု၊ နှိပ်စက်မှု၊ ဆယ်ခု ကိလေမှတ်။

၄၈၅။ ကာမ, ဘဝ၊ ဆိုသမျှ၊ လောဘ တရားကိုယ်။

၄၈၆။ သီ, ဣ, အတ် မှာ၊ ဒိဋ္ဌိသာ၊ ဘိဇ်, ဗျာ, လော, ဒေါ ဆို။

၄၈၇။ အာ, ဩ, ယော, ဂန်၊ သုံးစီမှန်၊ နှစ်တန် ဥပါကိုယ်။

၄၈၈။ ရှစ်ႋ နီ, ခြောက်ႋ နု၊ ကို သံ ရှု၊ ဆယ်ခု ကိ မပို။

အကုသလသင်္ဂဟ ပြီး၏။

---------------

## မိဿကသင်္ဂဟ

၄၈၉။ ဟိတ်ႋ ခြောက် အစစ်၊ ဈာႋ ခုနစ်၊ ဆဲ့နှစ် မဂ္ဂင်ယူ။

၄၉၀။ ဒွါရ ငါးလီ၊ ဣဒ်, ပု, ဇီ၊ မနီ, ဝေ ငါးခု။

၄၉၁။ သဒ်, ဝီ, သ, မာ၊ ပဉ် လေးဖြာ၊ ဒွိဒွါ ဣန် အစု။
၄၉၂။ အနညာတိ၊ ညဿာမိ၊ အညိ, အညာဝီ။
၄၉၃။ သောတာမဂ်မှာ၊ အနညာ၊ ဆုံးမှာ အညာဝီ။
၄၉၄။ လောကုတ် အလယ်၊ ခြောက်ခုဝယ်၊ အလယ် အညိန်မှီ။
၄၉၅။ ဆိုင်ရာဌာန၊ စိုးပိုင်ကြ၊ ကိစ္စ ကိုယ်စီစီ။
၄၉၆။ သဒ်, ဝီ, သ, မိ၊ ပဉ်, ဟိ, ဩတ္တပ်၊ ဟိ, နောတ္တပ်၊ ကိုးရပ်-ဗိုလ်ကြံ့ခိုင်။
၄၉၇။ ဆန်, ဝီ, စိတ်, ဝိ၊ မိပတိ၊ မရှိ တူယှဉ်ပြိုင်။
၄၉၈။ ကဗဠီ, ဖဿော၊ မနောသဉ္စေ၊ ဝိညာဏော၊ လေးထွေ အာဟာရ။
၄၉၉။ လွန်စွာ ဆောင်မှု၊ ကျေးဇူးပြု၊ လေးခု အာဟာရ။
၅၀၀။ ပဉ္စဝိညာဉ်၊ ဈာနင် ကြဉ်၊ ဗိုလ်ကြဉ် အဝီရေ။
၅၀၁။ အဟိတ်တွင် မဂ်၊ ဗိုလ်, ဣန်, မဂ်၊ ဧကဂ် ဝိစိကေ။
၅၀၂။ ဒွိဟေ, တိဟေ၊ ဇော နှစ်ထွေ၊ ရစေ မိပတိ။
၅၀၃။ ဟေတု ခြောက်လျှင်၊ ငါး ဈာနင်၊ မဂ္ဂင် ကိုးခုသိ။
၅၀၄။ ဆဲ့ခြောက် ဣန္ဒြေ၊ ဗိုလ် ကိုးထွေ၊ လေးထွေ ဟာ, မိတိ။

မိဿကသင်္ဂဟ ပြီး၏။

-----------

## ဗောဓိပက္ခိယသင်္ဂဟ

၅၀၅။ ကာ, ဝေ, စိတ်, ဓမ်၊ နုပဿန်၊ ပဋ္ဌာန် သတိလေး။
၅၀၆။ ဒုဟောင်း ပယ်ပစ်၊ ဒုသစ် မလာ၊ ဤနှစ်ဖြာ၊ ပြုရာ လုံ့လ ဒွေး။

၅၀၇။ ကုပ္ပဟောင်း မြဲလစ်၊ ကုသစ် ရငှါ၊ ဤနှစ်ဖြာ၊ ပြုရာ လို့လဒွေး။

၅၀၈။ ကြောခြင်, ရိုး, ရေ၊ ကြွင်းလေစေ၊ ကုန်စေ သား အသွေး။

၅၀၉။ အသက်ကိုမျှ၊ မညာရ၊ သမ္ပပ္ပဓာန် လေး။

၅၁၀။ ပရိဉ်, ပဟာန်၊သစ္ဆိကံ၊ ဘာဝန် ကြဒ္ဓိလေး။

၅၁၁။ ဆန်, ဝီရိယံ၊ စိတ်, ဝီမံ၊ ပြီးရန် ပါဒလေး။

၅၁၂။ သဒ်, ဝီ, သ, မာ၊ ပဉ်, ငါးဖြာ၊ မှတ်ပါ ကြန်, ဗလ။

၅၁၃။ စိတ်ကို ပိုင်နိုင်၊ မြဲကြံ့ခိုင်၊ ဆိုင်ရာ ငါးဌာန။

၅၁၄။ သတိ, ဓမ္မ၊ ဝိစယနှင့်၊ ဝီရ, ပီတိ၊ ပဿဒ္ဓိတည့်၊ မာဓိ, ဥပေက်၊ ဤခုနှစ်၊ မှတ်လစ် သမ္ဗောဇ္ဈင်။

၅၁၅။ မဂ်ဉာဏ် လေးပါး၊ ဗောဓိအား၊ လျင်လျား ပေါက်ဖို့အင်။

၅၁၆။ မဂ္ဂင် အဋ္ဌ၊ ထင်ရှားလှ၊ ဝဋ်မှ ထွက်ကြောင်းသိ။

၅၁၇။ သ, ဝီ, ဆန်, စိ၊ ပဉ်, သဒ်, ဓိ၊ ပီ, ပဿ်, တတ်, သင်, တီ။

၅၁၈။ ဆန်, စိတ်, ပီ,ပဿ်၊ တတ်, သင်, တီ, ဟူ၊ ဆယ်ခုမူ၊ မှတ်ယူ ဇော်ကိုက် စီ။

၅၁၉။ သဒ္ဓါကား ဒွိ၊ ဓိမူ စတုငါးခု ပညာ၊ရှစ်မှာ သတိ၊ ဝီရိယ ကိုး၊ ကိစ္စမျိုး၊ တပ်ရိုးကျမ်းအညီ။

ဗောဓိပက္ခိယသင်္ဂဟ ပြီး၏။

-------------

## သဗ္ဗသင်္ဂဟ

၅၂၀။ ရုပ်, ဝေ, သညာ်, သင်၊ စိတ်ဝိညာဉ်၊ ငါးအင် ခန္ဓာမှတ်။
၅၂၁။ လောကီခန္ဓာ၊ သက်သက်မှာ၊ ဥပါဒါနက္ခန်။
၅၂၂။ ရေမြှုပ်ပမာ၊ ရုပ်ခန္ဓာ၊ ဝေ မှာ ရေပွက် ဟန်။
၅၂၃။ တံလှပ် ပမာ၊ မှတ်သညာ၊ သင်္ခါ ငှက်ပျောစံ။
၅၂၄။ မျက်လှည့် အသွင်၊ စိတ်ဝိညာဉ်၊ ငါးအင် နှစ်မဲ့ခန်။
၅၂၅။ စက်, သော, ဃာ, ဇိ၊ ကာ, မနိ၊ အကြည် ခြောက်ဒွါရ။
၅၂၆။ ရူ, သဒ်, ဂန်, ရံ၊ ဖောဋ်, ဓမ္မံ၊ ခြောက်တန် ဗာဟိရ။
၅၂၇။ စေ, သုခုမံ၊ မြတ်နိဗ္ဗာန်၊ သုံးတန် ဓမ်အရ။
၅၂၈။ ရွာပျက်ကြီးနှယ်၊ ရှေ့ခြောက်သွယ်၊ နောက်ဝယ် တပ်ထားပြ။
၅၂၉။ စိတ်မနော ဧ၊ ဓာတ် ခွန် ဝေ၊ တွက်ရေ ဓာတ်ဆယ့်ရှစ်။
၅၃၀။ သတ္တာ ဇီဝ၊ ကင်းစင်ပ၊ ဘာဝ တတ်တိုင်းဖြစ်။
၅၃၁။ ဒုက်, သ, နိ, မဂ်၊ မသွေကွက်၊ လေးချက် မှန်သစ္စာ။
၅၃၂။ စိတ်, စေ, လောကီ၊ ရုပ် ဌာဝီ၊ ဒုက်ပြီ, သ-တဏှာ။
၅၃၃။ နိမှာ-နိဗ္ဗာန်၊ အင်ရှစ်တန်၊ အမှန် မဂ္ဂသာ။
ပိုဒ်ခုနှစ်ဆယ်၊ လင်္ကာခြယ်၊ ဤဝယ်သမုစ်ပြီး။
သမုစ္စည်းပိုင်း ပြီး၏။

---------------

# ပစ္စည်းပိုင်း

## ပဋိစ္စသမုပ္ပါဒ်

အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်, နာမ် ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာမရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ။

၃၃၄။ မိုက်မဲစွာလှ၊ မှောင်ကြီးချ၊ မောဟ အဝိဇ္ဇာ။
၃၃၅။ အကုသိုလ်နှင့်၊ ကုသိုလ် နှစ်ထွေ၊ စေတနာဓမ္မ၊ ကံ သုံးဝ၊ မှတ်ကြ သင်္ခါရာ။
၃၃၆။ ပုညာ, ပုည၊အာနေဉ္ဇ၊ သုံးဝ ခွဲစိတ်ဖြာ။
၃၃၇။ သန္ဓိ, ပဝတ္တိ၊ နှစ်မျိုးရှိ၊ ဝိပါက် ဝိညာဏာ။
၃၃၈။ စေတသိက်မူ၊ နာမ်ဟု ယူ၊ ရုပ်မူကမ္မဇာ။
၃၃၉။ ဝိညာဏ်နည်းတူ၊ နှစ်မျိုးယူ၊ အတူ ယှဉ်မကွာ။
၃၄၀။ သဠာယတန၊ ခြောက်ဒွါရ၊ မန ဝိပါက်သာ။
၃၄၁။ ဝိညာဏ် ခြောက်ဝ၊ ယှဉ်တုံကြ၊ ဖဿ ဝေဒနာ။
၃၄၂။ ခြောက်ပါး အာရုံ၊ သာယာတုံ၊ ခြောက်စုံ ညစ်တဏှာ။
၃၄၃။ ကာမ, ဒိဋ္ဌိ၊ သီလဗ္ဗတ၊ အတ္တာစွဲသန်၊ ဥပါဒါန်၊ လေးတန် သရုပ်ဖြာ။
၃၄၄။ ကုသလာ, ကုသလ၊ ကမ္မပထံ၊ ဤနှစ်တန်၊ ကမ္မဘဝသာ။
၃၄၅။ ဝိပါက်ခန္ဓာ၊ ကဋတ္တာဟု၊ ရုပ်နမ်စု၊ ဥပ ပတ္တိသာ။
၃၄၆။ ဖြစ်မှု, ရင့်မှု၊ ပျက်ဆုံးမှု၊ ဥပပတ္တိမှာ။
၃၄၇။ အင်္ဂါဆဲ့နှစ်၊ သုံးဆစ်ကာလ၊ သုံးဝ အစပ်၊ လေးရပ် အလွှာ၊ ဝဋ္ဋ သုံးဖြာ၊ မှတ်ပါ မူလဒွေ။

ပဋိစ္စသမုပ္ပါဒ် ပြီး၏။

## ပဌာန်းနည်း

၅၄၈။ ဟေ, အာ, ဓိ, နန်၊ သမနန်၊ သ, အံ, နိ, ဥ, ပူ။
၅၄၉။ ပစ်, သေ, ကံ, ပံ၊ ဟာ, ဣန်, ဈာန်၊ မဂ်, သံ, ဝိပ္ပဟူ။
၅၅၀။ အတ်, နတ်, ဝိတ၊ အဝိတ၊ ဒွိစ ပစ္စည်းယူ။
၅၅၁။ နန်, သမနန်၊ နတ်, ဝိတန်၊ လေးတန် အတူတူ။
၅၅၂။ ဟိတ်ႋ ခြောက်, ခြောက်ႋ အာ၊ ဓိႋ နှစ်ဖြာ၊ အာႋ ဓိ, သႋ ဓိ ႋ ခွဲ။
၅၅၃။ ဣဋ္ဌႋ ရုပ်နာမ်၊ အာႋ ဓိ မှန်၊ လေတန် သႋ ဓိ ခွဲ။
၅၅၄။ ခြားမဲ့ ရှေ့နာမ်၊ ပစ္စည်းနာမ်၊ နောက်နာမ် အားအမြဲ။
၅၅၅။ စိတ်, စေ,ဘုတ်, စု၊ ဝတ္ထုသန္ဓေ၊ ဤလေးထွေ၊ တပ်လေ သဟဇ။
၅၅၆။ စိတ်, စေ, ဘုတ်, စု၊ ဝတ္ထုသန္ဓေ၊ ဤလေးထွေ၊ တပ်လေ အဉ်မည။
၅၅၇။ သဟဇာတ်စု၊ ဝတ္ထု ပုရေ၊ ဤနှစ်ထွေ၊ တပ်လေ နိဿယ။
၅၅၈။ အာရမ္မဏူ၊ နန္တရူနှင့်၊ ပကတူပေ၊ ဤသုံးထွေ၊ ခွဲလေ ဥပနိဿယ။
၅၅၉။ အာရမ္မဏူ၊ အဓိပတူ၊ နန်မူ နန္တရ။
၅၆၀။ နာမ်ရုပ် ပညတ်၊ အဇ္ဈတ်, ဗဟိဒ္ဓါ၊ ကျယ်ဝန်းစွာ၊ သညာ ပကတူပ။
၅၆၁။ ဝတ္ထုပုရေ၊ အာပုရေ၊ နှစ်ထွေ ပုရေဇ။
၅၆၂။ ရုပ် နိပ္ဖန္နံ၊ ပစ္စုပ္ပန်၊ အမှန် အာပုရ။
၅၆၃။ သတ္တရှိနေ၊ ဌီရုပ်တွေအား၊ စိတ်, စေ နှစ်ဖြာ၊ နောက်နောက်လာ၊ တည်ငှါ ပစ္ဆာဇ။

၅၆၄။ ရှေ့ဇော ဇာတ်တူ၊ ကု, ကူ, ကြိယာ၊ နန္တရာ၊ ပွားငှာ သေဝန။
၅၆၅။ သဟဇာတ၊ ခဏ နာနာ၊ စေတနာ၊ မှတ်ပါ နှစ်ကမ္မ။
၅၆၆။ သ-မှာ လုံးစုံ၊ နာနာတုံ၊ ကု, ကုန် အတိတ်ရ။
၅၆၇။ သုံးဆဲ့ခြောက်ထွေ၊ ဝိ-စိတ်, စေ၊ မှတ်လေ ဝိပါက။
၅၆၈။ ထောက်ပံ့ ခိုင်ဖွယ်၊ ကျေးဇူးကြွယ်၊ လေးသွယ် အာဟာရ။
၅၆၉။ သဟ, ပုရံ၊ ဇီဝိတံ၊ သုံးတန် ဣန္ဒြိယ။
၅၇၀။ စိတ်, ဇီ, ဝေ, ဝိ၊ သဒ်, သ, ဓိ၊ ပညိ နာမ် ရှစ်သ။
၅၇၁။ ဝတ္ထု ငါးလီ၊ ဝတ်ပုရီ၊ ရုပ်ဇီ ဇီဝိတ။
၅၇၂။ တက်,စာ, ပီ, ဝေ၊ ဧကဂ္ဂေ၊ ငါးထွေ ရှု ဈာန။
၅၇၃။ ပဉ်, တက်, ဝါ, ကမ်၊ အာဇီဝန်၊ ဝါယာမ်, သ, ဓိ, ဒိဋ်။
၅၇၄။ စိတ်, စေ လုံးစုံ၊ နာမ်အကုန်၊ ယှဉ်တုံ သမ္ပယုတ်။
၅၇၅။ သဟ, ပစ္ဆေ၊ ဝတ်ပုရေ၊ သုံးထွေ ဝိပ္ပယုတ်။
၅၇၆။ ရုပ်အား နာမ်က၊ ရုပ်က နာမ်အား၊ တပ်တုံငြား၊ နှစ်ပါး သဟထုတ်။
၅၇၇။ သ, ဝတ်, အာပူ၊ ပစ်, ဟာ, ရူ၊ ခြောက်ဆူ အတ္ထိထုတ်။
ပစ္စည်းသရုပ် ဝေဘန်ခန်းပြီး၏။

--------

## အတိတ် သက်သက် ပစ္စည်းမျိုး

၅၇၈။ သ, နိ, အတ္ထိ၊ အဝိဂတာ၊ ဤလေးဖြာ၊ မဟာ သဟဇ။
(သဟဇာတကြီး ၄-ပါး)
၅၇၉။ အည, ဝိ, သံ၊ ဝိပ် လေးတန်၊ မဇ္ဈိ သဟဇ။
(သဟဇာတလတ် ၄-ပါး)

၅၈၀။ ဟေ, ခိ, ဟာ, ကံ၊ ဣန်, မဂ်, ဈာန်၊ မှတ်ရန် ငယ်
သဟာ။ (သဟဇာတငယ် ၇-ပါး)

၅၈၁။ သန္ဓိအခါ၊ ကမ္မဇာ၊ နောက်မှာ စိတ္တဇ။

၅၈၂။ ဝတ္ထုနှင့် သန်၊ အပြန်ပြန်၊ သုံးတန် သဟဇ။

၅၈၃။ နှစ်ဆဲ့လေးဖြာ၊ ဥပါဒါ၊ မဟာဘုတ်မှရ။

၅၈၄။ ဝတ္ထုနှင့် သန်၊ နာမ်-မဟာဘူ၊ ကလာပ် တူ၊ ယူလေ
အဥ်မည်။

၅၈၅။ မိမိနှင့်မူ၊ အတူဖြစ်ရန်၊ ကျေးဇူးသန်၊ အမှန်သဟဇ။

၅၈၆။ ရုပ် အာဟာရ၊ ဇီဝိတံ၊ မှတ်ရန် တဌာန။
(ဥပသဟဇာတ ၆-မျိုး)

၅၈၇။ ဝတ္ထုပုရေ၊ စုံခြောက်ထွေ၊ မှတ်လေ တဌာန။
(ဝတ္ထုပုရေဇာတ ၆-မျိုး)

၅၈၈။ အာရုံပုရေ၊ သုံးပါးထွေ၊ မှတ်လေ တဌာန။
(အာရမ္မဏပုရေဇာတ ၆-မျိုး)

၅၈၉။ ဝတ်-အာ-ပုရေ၊ ငါးခုထွေ၊ မှတ်လေ တဌာန။
(ဝတ္ထာရမ္မဏပုရေဇာတ ၅-မျိုး)

၅၉၀။ ပစ္ဆာဇာတေ၊ လေးပါးထွေ၊ မှတ်လေ တဌာန။

၅၉၁။ အနန္တရေ၊ ခြောက်ပါးထွေ၊ မှတ်လေ တဌာန။

၅၉၂။ ရုပ်ကမ္မဇ်၊ ဝိပါက်နာမ်တို့၊ ဖြစ်ရန်နာနာ၊ ခဏိကာ၊
နှစ်ဖြာ ပစ္စယ။ (နာနက္ခဏိက ပစ္စည်း ၂-မျိုး)

၅၉၃။ လေးခုမဂ်မှာ၊ စေတနာ၊ ခြောက်ဖြာ ပစ္စယ။

အတိတ်သက်သက်ပစ္စည်းမျိုး ပြီး၏။

---------------

ဤအခန်း၌ အတိတ်သက်သက် ပစ္စည်းမျိုးများသည့် အဖြစ်ကြောင့် (ပစ္စုပ္ပန်၌ ဖြစ်သော ပစ္စည်းအချို့ပါနေသော်လည်း) အတိတ်သက်သက် ပစ္စည်းမျိုးဟု ခေါင်းတပ်လိုက်ခြင်းဖြစ်သည်။

## ကာလသုံးပါး, ကာလဝိမုတ် ပစ္စည်းမျိုး

၅၉၄။ ဆိုပြီး ကြွင်းကျန်၊ အာရမ္မဏ်၊ သုံးတန် ပစ္စည်းမျိုး။
၅၉၅။ ရှစ်လောဘမုု၊ မဟာကုု၊ လေးခု ဉာဏ်ကြိယာ။
၅၉၆။ လောကုတ် ရှစ်ခု၊ ဤစိတ်စုု၊ ဂရုပြုတတ်စွာ။
၅၉၇။ ပကတူတုံ၊ အကြွင်းပုံ၊ လုံးစုံ နာမ်အားသာ။
ကာလသုံးပါး ကာလဝိမုတ်ပစ္စည်းမျိုး ပြီး၏။

-------

## ခြောက်ရာသီ ဝေဘန်ချက်

၅၉၈။ နာမ်လျှင် နာမ်အား၊ ခြောက်မျိုးပြား၊ ငါးပါး နာမ်ရုပ်ငှါ။
၅၉၉။ နာမ်လျှင် ရုပ်အား၊ မျိုးတပါး၊ နာမ်အား ရုပ်ကော။
၆၀၀။ ပညတ် နာမ် ရုပ်။ နာမ်အား ဒုက်၊ ဒုက်- ဒုက် ကိုးမျိုးသာ။
ခြောက်ရာသီ ဝေဘန်ခန်း ပြီး၏။

----------

## ပစ္စည်းအားလုံး ၄-ပစ္စည်း၌ ဝင်ပုံ

၆၀၁။ အာ, ဥ, ကံ, အတ်၊ လေးရပ် ဤတွင်။ အကုန်ဝင်၊ ကုန်စင် ခွဲစိတ်ဖြာ။
ပစ္စည်းခန်း ပြီး၏။

-----------

## အတ္ထပညတ်, နာမပညတ်

၆၀၂။ နက်, နာမ်-ပညတ်၊ နှစ်ပါးမှတ်၊ ခေါ်အပ် ခေါ် ကြောင်းသိ။

၆၀၃။ တဇ္ဇု, ပါဒံ၊ သမူဟံ သဏ္ဌာန်, သန္တတိ။
၆၀၄။ ကာလံ, အဒ္ဓံ၊ အာကာသံ၊ ဒိသံ, ဒေသာဒိ။
၆၀၅။ အဝိဇ္ဇမာန်၊ ဝိဇ္ဇမာန်၊ နာမ်၌ နှစ်ပါးသိ။
၆၀၆။ ပုဒ်ချင်းတဖန်၊ တွဲယှက်ပြန်၊ နာမ်၌ ခြောက်ပါးရှိ။
၆၀၇။ အတ္ထံ, နာမံ၊ ဂဟဏံ၊ ဝဒန် စဉ်တိုင်းသိ။
၆၀၈။ နာမံ, အတ္ထံ၊ ဂဟဏံ၊ သုဏန် စဉ်တိုင်းသိ။
၆၀၉။ ဝိညတ် အလို၊ နှစ်ပါးကို၊ ထိုနှင့် ဆိုင်ရာထည့်။
၆၁၀။ စိတ်, စေတသိက်၊ ရုပ်, နိဗ် လေးရပ်၊ ပရမတ် သစ္စာ၊
ပညတ်မှာ၊ သစ္စာ သမ္မုတိ။

ပိုဒ်ပေါင်း ရှစ်ဆယ်၊ လင်္ကာခြယ်၊ ဤဝယ် ပစ္စည်းပြီး။

ပစ္စည်းပိုင်းပြီး၏။

-----------

## ၉-ကမ္မဋ္ဌာန်းပိုင်း

သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ, ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိ, လောကုတ္တရ ဉာဏဒဿနဝိသုဒ္ဓိ။ (ဝိသုဒ္ဓိ ၇-ပါး )

## သီလဝိသုဒ္ဓိ

၆၁၁။ အဓိသီလ၊ စိတ္တ, ပညာ၊ သာသနာ၊ သိက္ခာ သုံးပါးမှတ်။
၆၁၂။ အာဒိဗြဟ္မ၊ စရိယနှင့်၊ ထိုမှတစ်၊ အဘိသမာစာရိက၊
ဤနှစ်ဝ၊ သီလ သာသနာ။
၆၁၃။ အာဇီဝဋ္ဌ၊ အကျဉ်းပြ၊ ဗြဟ္မ အာဒိသာ။
၆၁၄။ ကာယ သုံးလီ၊ လေး ဝစီ၊ အာဇီ ရှစ် သမ္မာ။
၆၁၅။ ကျင့်ဝတ် ခုတင်၊ အမွမ်းတင်၊ ဖြူစင် ဘိသမာ။

၆၁၆။ ပါတိမောက္ခ၊ သံဝရနှင့်၊ ဇီဝပါရိ၊ သုဒ္ဓိ တလစ်၊ ပစ္စယသန်၊ နိဿိတန်တည့်၊ ခြောက်တန် ဣန္ဒြေ၊ လုံခြုံစေမှု၊ သုဒ္ဓိစု၊ စတုလေးလီဖြာ။

သီလဝိသုဒ္ဓိ ပြီး၏။

----------

## စိတ္တဝိသုဒ္ဓိ

## ကမ္မဋ္ဌာန်း-၄၀

၆၁၇။ မြေ, ရေ, မီး, လေ၊ ညို, ရွှေ, နီ, ဖြူ ပေါက်, လင်းဟူ၊ ဆယ်ဆူ ကသိဏာ။

၆၁၈။ ရောင်, ညို, ပြည်, ပြတ်၊ ခဲအပ်, ပစ်ထား၊ ခါးဖြတ်ပစ်ရေး၊ သွေးယို, ပိုးစု၊ အရိုးစု၊ ဆယ်ခု အသုဘာ။

၆၁၉။ ဗုဒ်, ဓမ်, သံ, သီ၊ စာဂီ, ဒေဝတာ၊ သမာ-ဥပ၊ မရဏနှင့်၊ ကာယဂတာ၊ အာနာပါ၊ ဆယ်ဖြာ နုဿတိ။

၆၂၀။ မေ, က, မု, ဥ၊ ပွားများမှု၊ လေးခု ပမညာ။

၆၂၁။ အာဟာရတွင်၊ ရွံဘွယ်လျှင်၊ မှတ်ထင် ဧက် သညာ။

၆၂၂။ ဓာတ်ကြီးလေးခု၊ ပိုင်းခြားမှု၊ စတု ဝဝတ္ထာ။

၆၂၃။ အာ, ဝိဉ်, အာ,နေ၊ ဤ လေးထွေ၊ မှတ်လေ အရူပါ။

ကမ္မဋ္ဌာန်း ၄၀- ပြီး၏။

-----------

## သပ္ပါယအပြား

၆၂၄။ ရာ, ဒေါ, မော, ဝိ၊ သဒ်, ဗုဒ္ဓိ၊ စရိ ဤခြောက်ဖြာ။

၆၂၅။ အသု, ကာယ၊ ဆဲ့တဝ၊ ရာဂ လျော်လှစွာ။

၆၂၆။ အဆင်း, မည၊ ရှစ် ဌာန၊ ဒေါသ လျော့လှစွာ။
၆၂၇။ အာနာပါန၊ အလျော့ကျ၊ မောဟ, ဝိတက်သာ။
၆၂၈။ မရဏာ နှင့်၊ ဥပသမာ၊ သညာ တဖန်၊ ဝဝတ္ထာန်၊
လေးတန် ဗုဒ္ဓိသာ။
၆၂၉။ နုဿတိ ဆ၊ သဒ္ဓါ ကျ၊ သေသ အားလုံးသာ။
၆၃၀။ ကသိုဏ်း ကြီးမူ၊ မောဟယူ၊ ငယ်မူ ဝိတက်သာ။

သပ္ပါယအပြား ပြီး၏။

----------

## နိမိတ် အပြား

၆၃၁။ ပရိကမ္မ၊ ဥဂ္ဂဟာတည့်၊ ပဋိဘာဂါ။ ဤ သုံးဖြာ၊ ထင်လာ
နိမိတ်တည်း။
၆၃၂။ လေးဆယ်လုံးမှာ၊ ရှေ့နှစ်ဖြာ၊ လျော့စွာ ရသတည်း။
၆၃၃။ ကသိုဏ်း, သုဘာ၊ ကာ, အာနာ၊ ပဋိဘာဂတည်း။

နိမိတ်အပြား ပြီး၏။

----------

## ရူပစျာန်

၆၃၄။ ပရိ, ဥပစံ၊ အပ္ပနံ၊ သုံးတန် ဘာဝနာ။
၆၃၅။ ပရိ, ဥဂ်မူ၊ ပရိ ယူ၊ ဘာ မူ ဥ, အပ် သာ။
၆၃၆။ နုဿတိ ရှစ်၊ သညာ ဧက်၊ တလှစ် ဝဝတ္ထာ။
၆၃၇။ ပရိ, ဥပ၊ နှစ်ခုမျှ၊ ရထိုက် ဘာဝနာ။
၆၃၈။ အကြွင်း သုံးဆယ်၊ အာရုံဝယ်၊ သုံးသွယ် ဘာဝနာ။
၆၃၉။ က, သု, ကာ, အာ၊ ပမညာ၊ ရူပါ သုံးဆယ် အပ်။
၆၄၀။ သညာ တတန်၊ ဝဝတ္ထာန်၊ ရှစ်တန် နုဿတိ။

၆၄၁။ ဘာဝနာ သုံးတန်၊ ဖြစ်ပွားဟန်၊ မှတ်ရန် ဤသို့တည့်။
၆၄၂။ ပရိ အစ၊ ဥဂ္ဂဟ အလယ်၊ နှစ်သွယ် ရှုဘိ၊ သမာဓိ၊ ပရိကမ္မသာ။
၆၄၃။ ပဋိဘာဂ၊ ထင်လာက၊ နီဝရဏကွာ။
၆၄၄။ နီဝရဏ၊ ကွာတုံက၊ ဥပစာရလာ။
၆၄၅။ ထိုနောက် ဖန်ဖန်၊ ပွားတုံပြန်၊ ပ-စျာန် အပ္ပနာ။
၆၄၆။ အာဝဇ္ဇနံ၊ အာပဇ္ဇန် [၂]၊ ဓိဋ္ဌာန်, ဝုဋ္ဌာန။
၆၄၇။ ပစ္စဝေက္ခန်၊ ဤ ငါးတန်၊ လျင်မြန် လိုတိုင်းရ။
၆၄၈။ ရှေးရှေး စျာနင်၊ ပယ်စွန့်လျှင်၊ အစဉ် နောက်စျာန်ရ။

ရူပစျာန် ငါးပါး ပြီး၏။

-------------

## အရူပစျာန်

၆၄၉။ အာရုံ ပြောင်းကာ၊ ပွားတုံပါ၊ လေးဖြာ အရူပ။

အရူပစျာန် ပြီး၏။

-------

## အဘိညာဉ်

၆၅၀။ ကြွဒ္ဓိဝိဓ၊ ဒိဗ္ဗ နှစ်ထွေ၊ စေတောပရိ ပုဗ္ဗေနိဝါ၊ ယထာကမ္မ၊ နာဂတံသ၊ ဤ သတ္တ၊ မှတ်ကြ အဘိညာ။
၆၅၁။ ပါဒကစျာန်၊ အဓိဋ္ဌာန်နှင့်၊ တဖန် ပါဒက၊ စတုတ္ထ၊ ကျတုံ အဘိညာ။

စိတ္တ ဝိသုဒ္ဓိ ပြီး၏။

--------------

## ဒိဋ္ဌိ ဝိသုဒ္ဓိ

၆၅၂။ လက္ခဏာနှင့်၊ ရသ နှစ်ခု၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်၊ သိမ်းရန် နာမ်နှင့် ရုပ်။

၆၅၃။ လေးချက် ပိုင်ပိုင်၊ ပိုင်းခြားနိုင်က၊ သတ္တ, ဇီဝ၊ အတ္တ အယူ၊ ကင်းစင်ဖြူ၊ မှတ်ယူ ဒိဋ္ဌိဝိသုဒ္ဓိ။

## ကင်္ခါဝိတရဏ ဝိသုဒ္ဓိ

၆၅၄။ နာမရူပ၊ သင်္ခါရ၏၊ ပဋိစ္စခေတ်၊ သမုပ္ပါဒ်ကို၊ အထပ်ထပ်၊ ပိုင်ပိုင်မြင်က၊ ကင်္ခါယုံမှား၊ ဆွဲခြောက်ပါးနှင့်၊ ရှစ်ပါးဝိစိ၊ ဒိဋ္ဌိ ဖြာဖြာ၊ ကင်စင်းကွာ၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ။

## ဝိပဿနာဉာဏ် ၁၀-ပါး

သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်, ဘင်္ဂဉာဏ်, ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, မုစ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ်။

(ဝိပဿနာဉာဏ် ၁၀-ပါး။)

၆၅၅။ ခန္ဓာဒိနည်း၊ ဖွဲ့စည်းပြီးခါ၊ သုံးဖြာ လက္ခဏာ၊ သုံးသပ်ရ၊ သမ္မသနဉာဏ်။

၆၅၆။ ဖြစ်ပွား ပျက်မှု၊ အစုံရှု၊ ဥဒယဗ္ဗယဉာဏ်။

၆၅၇။ အပျက်ကိုသာ၊ ရှုတုံပါ၊ သညာ ဘင်္ဂဉာဏ်။

၆၅၈။ အပျက်မြင်က၊ ဘယမစ္စု၊ ပျက်မှုခပင်း၊ ဘေးသေး မင်းဟု၊ ကြောက်ခင်း ထွေထွေ၊ ရှုတုံပေ၊ မှတ်လေ ဘယဉာဏ်။

၆၅၉။ ကြောက်ဖွယ်ခပင်း၊ မြင်တုံလျှင်းက၊ ဘေးဘယမျိုး၊ ရုပ်နာမ်ဆိုး၌၊ ကိုးရာမရှိ၊ ခက်မှန်းသိ၊ အာဒိနဝဉာဏ်။

၆၆၀။ ကိုးရာမထင်၊ ခက်ပုံမြင်က၊ မရွှင်မလန်း၊ စိတ်ကုန်ခန်း၍၊ မချမ်းမမြေ့၊ ငြီးငွေ့သောထွေ၊ စိတ်အနေ၊ မှတ်လေ နိဗ္ဗိဒ်။

၆၆၁။ ငြီးငွေ့ အားသန်၊ စိတ်ပူပန်က၊ လျင်မြန်တစိ၊ လွတ်လိုဘိ၊ မုစ္စိတု ကမျတာဉာဏ်။

၆၆၂။ လွတ်လိုလှ၍၊ လွတ်ရတဲ့ငှာ၊ ဘာဝနာ လေးဆယ်၊ အကျယ်ဖြန့်ချိ၊ အားတိုက်ဖိ၊ ပဋိသင်္ခါဉာဏ်။

၆၆၃။ အားတိုက်ရှု၍၊ လွတ်မှု လွတ်ရန်၊ အမြင်သန်က၊ ရုပ်နာမ်ဓမ္မ၊ သင်္ခါရဝယ်၊ မတွယ်သမှု၊ လျစ်လျူ ရှု၊ သင်္ခါရုပေက္ခာဉာဏ်။

၆၆၄။ မဂ်ရောက် လိုသော်၊ အဆော် အနှုး၊ မဂ်လေး ဦးအား၊ အထူးလျော်မှု၊ ကျေးဇူးပြု၊ အနုလောမဉာဏ်။

ဝိပဿနာဉာဏ် ၁၀-ပါး ပြီး၏။

----------

## မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိ စသော ၃-ပါး

၆၆၅။ ဥဒယဉာဏ်၊ ရင့်သန်တုံလတ်၊ ဖြစ်လာတတ်၊ ဆယ်ရပ်အန္တရာယ်။

၆၆၆။ အရောင်, ပီတိ၊ ပဿဒ္ဓိ နှစ်ဖြာ၊ သဒ္ဓါ, ဝီရိယ၊ သုခ, ဗုဒ္ဓိ၊ နိကန္တိ နှင့်၊ သတိ, ဥပေက္ခာ၊ ဤဆယ်ဖြာ၊ မှတ်ပါ အန္တရာယ်။

၆၆၇။ ထိုဆယ်ချက်တွင်၊ မဂ်အထင်ကို၊ ပယ်ထွင်ရှင်းကာ၊ အလင်းသာ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ။

၆၆၈။ ဥဒယဉာဏ်၊ တဖန်ပျိုးကာ၊ ကိုးဖြာ ဉာဏ်စဉ်၊ စခန်းထွင်၍၊ အမြင်လင်းဘိ၊ ထိုးထွင်းသိ၊ ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိ။

၆၆၉။ သင်္ခါရုန္နင့်၊ အနုလောမ၊ ဉာဏ် နှစ်ဝ၊ ဝုဋ္ဌာနဂါမိနီလည်း ခေါ်သတည်း။

၆၇၀။ ဝုဋ္ဌာနဂါမ်၊ လွန်ရင့်သန်က၊ နိဗ္ဗာန်ပေါက်ကာ၊ မဂ်ရောက်လာ၊ ဉာဏဒဿနဝိသုဒ္ဓိ။

## မဂ်တက်စဉ်

၆၇၁။ သိ, ပယ်, ဆိုက်, ပွား၊ လေးပါး အချက်၊ တပြိုင်နက်၊ မဂ်၏ ကိစ္စတည်း။

၆၇၂။ ဒိဋ္ဌိ, ဝိစိ၊ ပယ်သတ်ဘိ၊ အာဒိ မဂ်သောတာ။

၆၇၃။ မဂ်, ဖိုလ်, နိဗ္ဗာန်၊ ပယ်ကြွင်းကျန်၊ နှစ်တန်ကိလေသာ။

၆၇၄။ အစဉ်သမူ၊ အမြင်ရှု၊ ငါးခု ပစ္စဝေက္ခဏာ။

၆၇၅။ ထက်မဂ်ကိုလျှင်၊ မရောက်ခင်၊ ဖိုလ်လျှင်လည်း လျှောင်းရာ။

၆၇၆။ ကာ, ဗျာ, နှစ်ထွေ၊ အကျန်ချေ၊ ရောက်လေသကဒါဂါ။

၆၇၇။ ကာ, ဗျာ, နှစ်ထွေ၊ အကုန်ချေ၊ ရောက်လေအနာဂါ။

၆၇၈။ သဗ္ဗကိလေ၊ အကုန်ချေ၊ ရောက်လေ အရဟတ္တာ။

ဉာဏဒဿနဝိသုဒ္ဓိခန်း ပြီး၏။

----------

## ဝိမောက္ခ စသည်

အနိမိတ္တ ဝိမောက္ခ, အပ္ပဏိဟိတ ဝိမောက္ခ, သုညတ ဝိမောက္ခ။

၆၇၉။ ဝိမောက္ခ နက်၊ ကျွတ်လွတ်ချက်၊ ဖိုလ် မဂ် မည်သညာ။

အနိမိတ္တာနုပဿနာ, အပ္ပဏိဟိတာနုပဿနာ, သုညတာနုပဿနာ (ဝိမောက္ခမုခ ၃-ပါး။)

၆၈၀။ ဝိမောက်မုခ၊ တံခါးဝ၊ အရ လက္ခဏာ။

၆၈၁။ ဝုဋ္ဌာနဂါမိနိ၊ ဉာဏ်ဆိုက်ဘိ၊ ဝိမု နယ်အပါ။

၆၈၂။ အနိမိတ္တ၊ အနိစ္စ၊ ဒုက္ခ-ပဏိဟိတာ။

၆၈၃။ အနတ္တမူ၊ သုညယူ၊ သုံးဆူ နုပဿနာ။

၆၈၄။ ပုဂ္ဂိုလ် သတ္တဝါ၊ အင်္ဂါ ကြီးငယ်၊ ဆန်းတကြယ်၊ မှတ်ဖွယ် နိမိတ္တာ။

၆၈၅။ အကုန်နိမိတ်၊ ပျောက်အောင် ကြိတ်၊ အနိမိတ္တသာ။

၆၈၆။ အတင့် အတယ်၊ အဖွယ်အရာ၊ မင်္ဂလာ, သုဘ၊ သုခ, ဣဋ္ဌ၊ ထင်သမျှ၊ မှတ်ကြ ပဏိဟိတာ။

၆၈၇။ အကုန် ပဏိဟိ၊ ပျောက်စေဘိ၊ အပ္ပဏိဟိတာ။

၆၈၈။ နတ်, လူ, ဗြဟ္မာ၊ ငါ, သူတပါး၊ ယောကျ်ား မိန်းမ၊ ပုဂ္ဂလနှင့်၊ စိုးရ ပိုင်နိုင်၊ ခံ့ခိုင် မြင့်ရှည်၊ သက်ဆုံးတည်ဟု၊ အားစည် သမျှ၊ အနန္တ ၊ အတ္တ, ဇီဝ, သာ။

၆၈၉။ အတ္တ, ဇီဝေ၊ ပျောက်ကင်းစေ ၊ မှတ်လေ သုညတာ။

၆၉၀။ သူ့တံခါးမှ၊ ပေါက်ရောက်က၊ မောက္ခ သူ့ မဂ်သာ။

ပိုဒ်ပေါင်းရှစ်ဆယ်၊ လက်ာခြယ်၊ ဤဝယ်ကမ္မဋ္ဌာန်းပြီး။

ကမ္မဋ္ဌာန်းပိုင်း ပြီး၏။

----------------

## နိဂုံး

၁။ ခြောက်ရော့ ခြောက်ဆယ်၊ လင်္ကာခြယ်၊ ဤဝယ် ပြီးကဗျာ။

၂။ အဋ္ဌ, သုဉ်, ဒွိ, ဧကော်၊ သက္ကရာဇ်၊ ဖွားလစ်ကျမ်းဆရာ။

၃။ မုံရွာလယ်တီ၊ တောရပ်မှီ၊ မထေရ် ဉာဏ်ဓဇာ။

၄။ ဗျည်း, ဆ, ဒွိ, ဧ၊ ကဆုန် နွေ၊ ပြီးပြေ ဤကျမ်းစာ။

၅။ ပရမတ်သံခိပ်၊ ဘွဲ့တံဆိပ်၊ ခပ်နှိပ် မည်သညာ။

၆။ ပိဋကတ် နှစ်ပုံ၊ အကျဉ်းခြုံ ၊ နှုတ်ငုံ သူတို့မှာ။

၇။ ပညာဓိက၊ ဆုကြီးရ၊ အမျှော့ ကိုးကွယ်ရာ။

၈။ ကျမ်းပြုပါရ၊ ဤပုညကြောင့်၊ ဒုက္ခခပ်သိမ်း၊ ငြိမ်းစေခလို၊ ဆုပန်ဆို၊ ဗိုလ်လူသတ္တဝါ။

၉။ အနာမျိုးကင်း၊ မိုးမင်း သည်းထန်၊ နိုင်ငံခပ်သိမ်း၊ တရားထိန်း၊ ငြိမ်းစေ အဖြာဖြာ။

၁၀။ ရှစ်သောင်း လေးထောင်၊ တရားရောင်လည်း၊ မိုက်မှောင်ပယ်ထွန်း၊ ထိန်ထိန်ရွှန်း၊ ထွန်းစေသာသနာ။

**ပရမတ္ထသံခိပ်ကျမ်း ပြီး၏။**

------ * ------